ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် )**

**[ ကြာသပတေး ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၃၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ ဇနီးကျန်းမာရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြအုန်း၊ ကချင်(၈)၊ ကျန်းမာရေး။ ဦးထေးရယ်၊ ကယား(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကျန်းမာ ရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆားရယ်၊ ကယား(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစောအောင်ကျော်နိုင်(ခေါ်) ရှားဘူးဖော့၊ ကရင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကျန်းမာရေး။ ဦးအုန်းတင်၊ ရခိုင် (၁၀)၊ ပါတီကိစ္စ။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**လားရှိုး-မိုင်းယော်ကားလမ်းမှ ကတ္တရာလမ်းခင်းရန် ကျန်ရှိနေသော (၇)မိုင်ခန့်အား ဆက်လက်ဆောင်ရွက်သွားမည့်အချိန်ကာလနှင့် မိုင်းယော်မှမိုင်းကျက်သို့ (၂၃)မိုင် အရှည်လမ်းအား ကျောက်ချောလမ်းအဖြစ် အပြီးဆောင်ရွက်သွားမည့် အချိန်ကာလကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က လားရှိုး-မိုင်းယော်ကားလမ်းမှ ကတ္တရာလမ်းခင်းရန် ကျန်ရှိနေသော (၇)မိုင်ခန့်အား ဆက်လက်ဆောင်ရွက်သွားမည့် အချိန်ကာလနှင့် မိုင်းယော်မှ မိုင်းကျက်သို့ (၂၃)မိုင် အရှည်လမ်းအား ကျောက်ချောလမ်းအဖြစ် အပြီးဆောင်ရွက်သွားမည့် အချိန်ကာလကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့် အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို မေးမြန်းလိုတဲ့ မေးခွန်းကတော့ လားရှိုး-မိုင်းယော်ကားလမ်းမှ ကတ္တရာလမ်းခင်းရန် ကျန်ရှိသော (၇)မိုင်ခန့်အား ဆက်လက်ဆောင်ရွက်သွားမည့် အချိန်ကာလနှင့် မိုင်းယော်မှမိုင်းကျက်သို့ (၂၃)မိုင် အရှည်လမ်းအား ကျောက်ချောလမ်းအဖြစ် အပြီးဆောင်ရွက်သွားမည့် အချိန်ကာလကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုးမြို့နယ်၊ လားရှိုး-မိုင်းယော်လမ်းဟာ (၂၈)မိုင်ခန့်ဝေးပြီး အများပြည်သူနေ့စဉ် အသုံးပြုသွားလာလျက်ရှိသော လမ်းဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်မတိုင်မီ ကာလတွင်လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး မော်တော်ယာဉ်နှင့် အခြားစက်တပ်ယာဉ်များ သွားလာရန် မလွယ်ကူကြောင်း ဒေသခံပြည်သူများမှတစ်ဆင့် သိရှိရပါတယ်။ ၂၀၀၄ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက် အရှေ့မြောက်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တာဝန်ယူသည့်အချိန်တွင် SSNA တပ်မဟာ (၁၁)မှာ ဦးကန္န ဦးဆောင်သော အဖွဲ့ဝင် အင်အား(၅၀၀)ခန့်သည် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုစဉ်အချိန်အခါက နိုင်ငံတော်အတွင်းရေးမှူး(၁) တာဝန်ယူခဲ့တဲ့ ဗိုလ်ချုပ်သိန်းစိန်၊ ယခု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန်ကိုယ်တိုင် ရောက်ရှိလာပြီး မိုင်းယော်-မိုင်းကျက် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနဲ့ တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်မှာ ယနေ့အထိတိုင်ဖြစ်ပါ တယ်။ ပထမဦးစားပေးဆောင်ရွက်ပြီးစီးတဲ့ လုပ်ငန်းများကတော့ တိုက်နယ်ဆေးရုံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းဆောင်နဲ့ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်ထုတ်လွှင့်တဲ့ မိုက္ကရိုဝေ့(ဖ်)စခန်းစသည်တို့ကို အောင်မြင်စွာ ဆောက်လုပ်ပြီးစီးပြီး ဖြစ်ပါတယ်။ အများပြည်သူအနေနဲ့လည်း ဒေသဖွံ့ဖြိုးရေးတိုးတက်အောင် စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ပေးတဲ့ နိုင်ငံတော်သမ္မတကြီးကို ကျေးဇူးတင်ကြောင်း ပြောပေးဖို့ ကျွန်တော် မိုင်းယော်- မိုင်းကျက်ဒေသမှာ လွှတ်တော်နားရက် အချိန်အခါတွင် ၎င်းတို့နဲ့ တွေ့ဆုံစဉ် ပြောကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ လားရှိုး-မိုင်းယော်လမ်းအား ကတ္တရာအဆင့် တော်တော်များများ ခင်းပြီး ဖြစ်သော်လည်း မိုင်းယော်မရောက်ခင် (၇)မိုင် အလိုခရီးတွင် ကျောက်ချောလမ်းခင်းပြီးသော်လည်း ကတ္တရာလမ်းခင်းရန် ကျန်ရှိနေသေးကြောင်း တွေ့မြင်ရပါတယ်။ ထို့အပြင် မိုင်းယော်-မိုင်းကျက်လမ်းအပိုင်း (၂၃)မိုင် ခရီးတွင်လည်း ကျောက်ကြမ်းလမ်း အဆင့်သာ ရှိသဖြင့် မိုးရာသီကာလတွင် သွားလာရန် အင်မတန်ခက်ခဲကြောင်း ပြည်သူများမှတစ်ဆင့် ကြားသိရပြီး ကျွန်တော် ကိုယ်တိုင်လည်း အဲဒီဒေသကို ရောက်ရှိတွေ့မြင်ခဲ့ကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတဲ့ မေးခွန်းကတော့ (၁) ကတ္တရာလမ်းခင်းရန် ကျန်ရှိနေသော (၇)မိုင်ခန့်အား မည်သည့်အချိန်ကာလတွင် ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုပါသည်။ (၂) မိုင်းယော်မှ မိုင်းကျက်သို့ (၂၃)မိုင် အရှည်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် အပြီးဆောင်ရွက်သွားမည်ကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းစံမင်း မှ မေးမြန်းထားတဲ့ လားရှိုး-မိုင်းယော်-မိုင်းကျက်လမ်းပေါ်မှာရှိတဲ့ လားရှိုး-မိုင်းယော်အပိုင်း ကတ္တရာခင်းပေးဖို့နဲ့ မိုင်းယော်-မိုင်းကျက်အပိုင်းကို ကျောက်လမ်းခင်းပေးဖို့ ကိစ္စနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်အတွင်းမှာရှိတဲ့ လားရှိုး-မိုင်းယော်-မိုင်းကျက်လမ်းဟာ စုစုပေါင်းမိုင်(၅၁)မိုင်နဲ့ (၅)ဖာလုံ ရှည်လျားပြီးတော့ ဒီလမ်းဟာ ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲတဲ့လမ်းအဖြစ် တည်ရှိနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမှာပြန်ကြည့်လို့ရှိရင် လားရှိုး-မိုင်းယော်လမ်းဟာ မိုင်တိုင် (၀/၀)၊ နန်းမျှော်ကနေပြီးတော့ မိုင်းယော်အထိ စုစုပေါင်း(၂၈)မိုင်နဲ့ (၂)ဖာလုံ ရှိတာဖြစ်ပါတယ်။ အဲဒီလမ်းကို ကျွန်တော်တို့ ၃၁-၃-၂၀၁၄ အထိ ကျွန်တော်တို့ ကတ္တရာခင်းပြီးတာ (၂၀)မိုင်နဲ့ (၃)ဖာလုံ ရှိပါတယ်။ ဒါကြောင့်မို့လို့ အမာခံလမ်းအဖြစ် ကျန်ရှိနေတာ (၇)မိုင်နဲ့ (၇)ဖာလုံ ကျန်ရှိတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်ရှိတဲ့ (၇)မိုင်နဲ့ (၇)ဖာလုံကို ဒီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်း ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့ (၇)မိုင်၊ (၅)ဖာလုံကို ကတ္တရာခင်းပေးမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ (၂)ဖာလုံဟာ ကတ္တရာလမ်း မဟုတ်ဘဲနဲ့

အမာခံလမ်းအဖြစ် ကျန်ပါမယ်။ ဒီဟာ (၂)ဖာလုံဘာကြောင့်ကျန်ရသလဲဆိုတော့ အဲဒီ့အပိုင်းဟာ မြေနိမ့်နေတဲ့အပိုင်း ဖြစ်တဲ့အတွက် ဒီနေရာကို ကတ္တရာခင်းမယ်ဆိုရင် ရေရှည်ကောင်းမွန်ဖို့အတွက် ကျွန်တော်တို့ မြေသားဖြည့်ပြီးတော့မှ ဆောင်ရွက်မှာဖြစ်တဲ့အတွက် အဲဒီ(၂)ဖာလုံကိုတော့ ၂၀၁၅-၂၀၁၆ မှာ လမ်းသားကို မြှင့်တင်ပြီးတော့မှ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှာဖြစ်ပါကြောင်း လားရှိုး-မိုင်းယော် အပိုင်းကို တင်ပြအပ်ပါတယ်။

ဒုတိယအပိုင်းဖြစ်တဲ့ မိုင်းယော်ကနေ မိုင်းကျက်အပိုင်းဖြစ်ပါတယ်။ အဲဒီ့ မိုင်းယော်ကနေ မိုင်းကျက်အပိုင်းဟာ မိုင်အရှည်(၂၈)မိုင်နဲ့ (၂)ဖာလုံရှိတာဖြစ်ပါတယ်။ အဲဒီလမ်းကိုတော့ ပြန်ပြီးတော့ ကျွန်တော်တို့ သုံးသပ်တဲ့အခါမှာ ကတ္တရာလမ်းက (၁)မိုင်နဲ့(၃)ဖာလုံ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အမာခံလမ်း(၂)မိုင်နဲ့ မြေလမ်းမိုင်(၂၀)ဆိုတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့ ကတ္တရာ(၂)မိုင်ဆက်ပြီးတော့ ခင်းပေးပါ့မယ်။ ဒီ့အပြင် ၂၀၁၅-၂၀၁၆ မှာလည်းပဲ မြေလမ်းကနေပြီးတော့ ကတ္တရာလမ်းအဖြစ် (၄) မိုင်(၃)ဖာလုံ ဆောင်ရွက်ပါ့မယ်။ ဒါ့အပြင် လမ်းကျဉ်းနေတဲ့ အပိုင်းတွေမှာ (၁၄)ပေအကျယ် မြေသားလမ်းချဲ့ခြင်း (၆)မိုင် ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မိုင်းယော် ကနေပြီးတော့ မိုင်းကျက် အပိုင်းကို နှစ်အလိုက်ရန်ပုံငွေများ တောင်းခံသွားပြီးတော့ အဆင့်ဆင့်တိုးမြှင့်တဲ့ အခါမှာ ကတ္တရာလမ်းများအဆင့်အထိ နောက်ဆုံးရောက်ရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ပခုက္ကူမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့ ဆက်သွယ်သော (လမ်းရွာ-ဆိပ်ဖြူ) ယောချောင်း ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့ ဆက်သွယ်သော (လမ်းရွာ-ဆိပ်ဖြူ) ယောချောင်း ချောင်းကူး တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ လမ်းရွာကျေးရွာနဲ့ ဆိပ်ဖြူမြို့နယ်တို့ ဆက်သွယ်ထားတဲ့ ယောချောင်း ချောင်းကူးတံတား၊ လမ်းရွာ-ဆိပ်ဖြူအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်း သွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းမှာရှိတဲ့ လမ်းရွာကျေးရွာအုပ်စုနဲ့ ချိုက်ကျေးရွာ အုပ်စုတို့ဟာ ဧရာဝတီမြစ်နဲ့ ယောချောင်း ချောင်းဆုံရာ အရပ်မှာတည်ရှိပြီးတော့ ပခုက္ကူမြို့နဲ့ (၄၉)မိုင်

ကွာဝေးပြီး ဆိပ်ဖြူမြို့နဲ့ (၂)မိုင်ခန့် ကွာဝေးပါတယ်။ လမ်းရွာကျေးရွာအုပ်စုတွင် ကျေးရွာခွဲပေါင်း (၈)ရွာရှိပြီး၊ အိမ်ခြေ (၉၇၃)အိမ်၊ လူဦးရေ(၄၂၀၄)ဦးနဲ့ ချိုက်ကျေးရွာအုပ်စုတွင် ကျေးရွာခွဲ(၅)ရွာ၊ အိမ်ခြေ(၁၀၂၅)အိမ်နဲ့ လူဦးရေ(၃၉၄၈)ဦးတို့ ရှိကြပါတယ်။ ၎င်းဒေသမှာ နေထိုင်ကြတဲ့ ပြည်သူများ အနေနဲ့ မိမိတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ဆောင်ရွက်ကြရာတွင် ပခုက္ကူမြို့နဲ့ အလှမ်းဝေးကွာပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် တစ်ဖက်ကမ်းမှာရှိတဲ့ ယောချောင်း သာခြားတဲ့ ဆိပ်ဖြူမြို့နဲ့ အဓိကထားပြီးတော့ ဆက်သွယ်ဆောင်ရွက်ကြရပါတယ်။ လမ်းပန်းဆက်သွယ် ရေးခက်ခဲတဲ့အတွက် လူနေမှုအဆင့်အတန်းမှာလည်း ခေတ်အဆက်ဆက် နိမ့်ကျခဲ့ရပါတယ်။ ဧရာဝတီ မြစ်ရေတိုးတဲ့ကာလနဲ့ ယောချောင်းရေတိုးတဲ့ မိုးတွင်းကာလများမှာ အဆိုပါယောချောင်းအား လှေငယ် များနဲ့ ဖြတ်သန်းသွားလာပြီး ဆက်သွယ်ဆောင်ရွက်ကြရပါတယ်။ မိုးတွင်းကာလများတွင် ဒေသထွက် ကုန်ပစ္စည်းများ ကူးသန်းရောင်းဝယ်ရာမှာလည်းကောင်း၊ အရေးပေါ် လူနာများအား ပို့ဆောင်ကုသပေးရာ မှာ လည်းကောင်း၊ ကျေးရွာမှ ကျောင်းသား/ကျောင်းသူများ ဆိပ်ဖြူအထက်တန်းကျောင်းသို့ သွားရောက် ပညာသင်ကြားရာ သွားလာကြရာတွင်လည်းကောင်း အဆိုပါ ယောချောင်းအတွင်းမှာ လှေငယ်များနဲ့ အသက်ကိုစွန့်၍ ခက်ခဲစွာ သွားလာနေကြရပါတယ်။

အဆိုပါ ယောချောင်းမှာ ပေ(၃၀၀၀)ခန့် ကျယ်ဝန်းပြီး၊ မိုးတွင်းကာလမှာ ချောင်းလုံးပြည့် ရေများသောချောင်း ဖြစ်ပါတယ်။ အဆိုပါ ယောချောင်းအား ချောင်းကူးတံတား တည်ဆောက်ပေးမယ် ဆိုပါက ၎င်းဒေသမှာရှိတဲ့ မိဘပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူနေမှု အဆင့်အတန်းများ တိုးတက်မြင့်မားလာမှာ ဖြစ်တဲ့အတွက် မေးမြန်းလိုတာကတော့ ပခုက္ကူမြို့နယ်၊ လမ်းရွာကျေးရွာနှင့် ဆိပ်ဖြူမြို့နယ်အား ဆက်သွယ်သွားလာတဲ့ ယောချောင်း ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည် ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ မကွေး တိုင်းဒေသကြီး၊ အမှတ်(၉)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးသော်ဇင်ဦး မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာ ယခုလို ကျေးရွာများကို ကွင်းဆင်းပြီး မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ လမ်းရွာနဲ့ ဆိပ်ဖြူမြို့တို့မှာ ဆက်သွယ်ထားတဲ့ ယောချောင်းတံတားဟာ လမ်းရွာအုပ်စုနဲ့ ချိုက်ရွာအုပ်စုမှာရှိတဲ့ ကျေးရွာ(၁၃)ရွာ၊ အိမ်ခြေ(၂၀၀၀)၊ လူဦးရေ(၈၁၅၂)ဦးတို့ကို အကျိုးပြုပြီးတော့ ချောင်းအကျယ်ကတော့ ပေ(၃၀၀၀)ခန့်မှာ ရှိပါတယ်။ တံတားအရှည်ကတော့ (၁၁၄၀)ပေခန့် ရှိမှာဖြစ်ပြီးတော့ ကွန်ကရစ်တံတား တည်ဆောက်လို့ရှိရင် ခန့်မှန်းကုန်ကျငွေ (၄၉၀၇)သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ မကွေးတိုင်းဒေသကြီးမှာ ကျွန်တော်တို့ လမ်းတံတားများအတွက် (၁၃.၈၉၄)ဘီလီယံ ကျွန်တော်တို့ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ပခုက္ကူမြို့နယ်အနေနဲ့ ကြည့်ရင်တော့ ဒီနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၁.၁၉၃)ဘီလီယံ လမ်းတံတားများအတွက် ခွင့်ပြုထားတာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ ပခုက္ကူမြို့နယ်အတွင်းမှာရှိတဲ့ လမ်းရွာ-ဆိပ်ဖြူကို ဆက်သွယ်ထားတဲ့ ယောချောင်းတံတားကို မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေနဲ့ ၂၀၁၄-၂၀၁၅ ယခုခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေများ ခွင့်ပြုထားခြင်း မရှိပါကြောင်းနဲ့ အဆိုပါ တံတားတည်ဆောက်မည်ဆိုလျှင် အသေးစိတ်ကွင်းဆင်းပြီးတော့ soil test ပြုလုပ်ခြင်း၊ အင်ဂျင်နီယာဆိုင်ရာ Structure Design များ တွက်ချက်ခြင်းနဲ့ တံတားရဲ့ ပေအရှည်မှာလည်း ပေ(၁၀၀)အထက် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အဆိုပါ တံတား တည်ဆောက်ရန်အတွက် ကျွမ်းကျင်တဲ့ အင်ဂျင်နီယာနဲ့ အထောက်အကူပစ္စည်းများ မရှိတဲ့အတွက်ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လတ်တလောအနေနဲ့ ဆောင်ရွက်ပေးနိုင်သေးခြင်း မရှိသေးပါကြောင်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မိုးကောင်းမြို့နယ်၊ ဆားမှော်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီးယိုယွင်းလျက်ရှိသော မြတ်လေးခန်းမဆောင်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် က မိုးကောင်းမြို့နယ်၊ ဆားမှော်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီးယိုယွင်းလျက်ရှိသော မြတ်လေးခန်းမဆောင်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများနဲ့ အားလုံး ဖိတ်ကြား၍ တက်ရောက်လာတဲ့ ကော်မရှင် အဖွဲ့ဝင်များအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၊ ဆားမှော်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်း ကျောင်းမှာရှိတဲ့ ယိုယွင်းပျက်စီးလျက်ရှိတဲ့ မြတ်လေး Hall ခန်းမကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဆားမှော်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်း ကျောင်းမှာရှိတဲ့ မြတ်လေးခန်းမဟာ လွန်ခဲ့တဲ့နှစ်(၅၀)လောက်က စတင်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ စတင်တည်ဆောက်ခဲ့တဲ့ ကာလဟာလည်း ကြာမြင့်ပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခုအချိန်မှာ တိုင်တွေ၊ အကာအရံတွေ၊ ဒိုင်းတွေ တော်တော်ပျက်စီးယိုယွင်းနေတဲ့ အနေအထားမှာ ရှိပါတယ်။ အဲဒီတော့ ဒီခန်းမဟာ ကျွန်တော်တို့ ဆားမှော်ကျေးရွာ အထက်တန်းကျောင်းရဲ့ လမ်းနဲ့ပြိုင်ပြီးတော့ ရှိနေတဲ့ခန်းမ ဖြစ်ပါတယ်။ အဲဒီတော့ ပျက်စီးယိုးယွင်းနေတဲ့ ခန်းမကြီးကို လမ်းသွားလမ်းလာတွေ အနေနဲ့ ကြည့်မယ်ဆိုရင်လည်း အင်မတန်ကို တော်တော်အခြေအနေဆိုးတဲ့ အနေအထားမှာ ရှိပါတယ်။ ဒါ့အပြင် လေနည်းနည်း ခပ်ပြင်းပြင်းတိုက်တာနဲ့ ဒီအဆောက်အဦကြီးဟာ ပြိုကျပျက်စီးတော့မယ့် အနေအထားမှာလည်း ရှိပါတယ်။ ကျွန်တော် ပုံတွေနဲ့လည်း ပေးပို့တင်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အန္တရာယ်ရှိနေတဲ့ Hall ခန်းမကြီးကို လာမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ နဲ့ပတ်သက်ပြီးတော့ ပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က ကချင်ပြည်နယ် အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ရဲ့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ ကျောင်းဆောက်လုပ် ပြီးစီးသည့် သက်တမ်း ကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီစာရင်းတွင် ထည့်သွင်းလျာထားခြင်းအားဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ် ဦးစားပေးအလိုက် တန်းစီဇယားအရ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ အန္တရာယ်ရှိ ကျောင်းများ၊ မြို့နယ်မှတင်ပြသော ကျောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြသော ကျောင်းများနှင့် ဌာနဆိုင်ရာ ကွင်းဆင်းစစ်ဆေးချက်အရ ပြင်ဆင်ရန် လိုအပ်သည့်ကျောင်းများ

(၁၄)ကျောင်း၊ သိပ္ပံဆောင်(၁)ဆောင်၊ စာကြည့်တိုက် (၁)ဆောင်၊ စုစုပေါင်း အခြေခံပညာကျောင်း (၁၆)ကျောင်းအတွက် ငွေကျပ်(၆၃၁.၈၀)သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားတင်ပြပြီး ဖြစ်ပါကြောင်း၊ အခြေခံပညာ ကျောင်းများတွင် ကျောင်းသားများအတွက် သင်ကြားရေးအထောက်အကူဖြစ်စေသော စာသင်ဆောင် များကိုသာ ဦးစားပေး ဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် ယခု ကိုယ်စားလှယ်ကြီး တင်ပြလာသော မိုးကောင်းမြို့နယ်၊ ဆားမှော်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်းရှိ မြတ်လေးခန်းမ ဆောင်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်း များဟာ အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စီးပွားရေးမြို့တော် ရန်ကုန်တွင် အများပြည်သူများအတွက် လုံလောက်သည့် အားကစားကွင်းများ ပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး က စီးပွားရေးမြို့တော် ရန်ကုန်တွင် အများပြည်သူများအတွက် လုံလောက်သည့် အားကစားကွင်းများ ပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ကော်မရှင် အဖွဲ့ဝင်ပညာရှင်ကြီးများနဲ့ ယနေ့ အစည်းအဝေးကို မေးခွန်းလာရောက်ဖြေဆိုပေးတဲ့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကို လေးစားစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းအတွက် အနည်းငယ် ဆွေးနွေးတင်ပြခွင့်ပြုပါရန် ပန်ကြားလိုပါတယ်။ မေးခွန်းကတော့ အနှစ်ချုပ်လေးကြည့်လိုက်ရင်တော့ စီးပွားရေးမြို့တော် ရန်ကုန်တွင် အများ ပြည်သူအတွက် လုံလောက်သော အားကစားကွင်းများ ပြန်လည်ဖော်ထုတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဒီလိုပဲ ပါ ပါတယ်။ ဒါပေမဲ့ ဒီမှာပြည့်စုံစွာလည်း ရေးသားပြီးတော့ ပြည်ထောင်စု အစိုးရအဖွဲ့ကိုလည်း ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ပေးပို့ထားတာ ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့ ရည်ရွယ်ချက်ကိုက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှာ ဒီဟာတွေကို ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိသလား၊ လုံလောက်တဲ့ Town Plan ရှိပါသလား ဒီလို ဦးတည်ပြီးတော့ မေးမြန်းခဲ့တာဖြစ်ပါတယ်။ ဒါကို ပဏာမ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ လွှတ်တော်ကို တင်ပြရသလဲဆိုတဲ့အခါကျတော့

အားကစားဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်များကို တစ်စုံတစ်ရာ ဝေဖန်လိုတဲ့အတွက်ကြောင့်မို့လို့ မေးမြန်းခြင်း မဟုတ်ပါဘူးဆိုတာ တင်ကြိုတင်ပြထားတာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးမြို့တော် ရန်ကုန်မှာ အိမ်ခြံမြေဈေးတွေက အဆမတန် မြင့်မားလာပါပြီ။ အဲဒီတော့ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေ အားကစားကွင်းတွေ ပန်းခြံတွေနေရာမှာ စီမံကိန်းစီမံချက်တွေ အမျိုးမျိုးနဲ့ ဌာနဆိုင်ရာတွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေက အိမ်ရာ အဆောက်အဦ တွေ ဆောက်လုပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရရင် ကျွန်တော်တို့ အခု နေပြည်တော်မှာ ဒုတိယအိမ်အဖြစ် နေနေရတဲ့ တည်းခိုနေထိုင်ရတဲ့ စည်ပင်ဧည့်ရိပ်သာတွေ ဘေးမှာ အားကစားကွင်းတွေ ရှိပါတယ်။ အခြေခံပညာ အထက်တန်းကျောင်းတွေဘေးမှာ အားကစားကွင်းတွေ ရှိပါတယ်။ ဘောလုံးကွင်းကြီး ရှိတဲ့အခါမှာ ညနေ ကျောင်းဆင်းချိန်ဆို ကလေးတွေ ဒီနေရာမှာ ဘောလုံးကန်ပြီး အားကစားလေ့ကျင့်နေတယ်။ နောက်တစ်ခါ ရပ်ကွက်ထဲက လူငယ်တွေလည်း ဒီနေရာမှာ အားကစားလေ့ကျင့်နေတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့တော်ကြီးကလည်း တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ တိုးချဲ့ပြီးတော့ တည်ဆောက်လာတဲ့အခါကျတော့ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ သာကေတသုဝဏ္ဏ အစရှိတဲ့ မြို့သစ်တွေက ဒီချိန်မှာတော့ Down Town အဖြစ်ကို သူတို့ တဖြည်းဖြည်း ကူးပြောင်းလာပါပြီ။ ကူးပြောင်းလာတဲ့နေရာမှာလည်း ဒီမြို့သစ်တွေ ဖော်ထုတ်ခဲ့တုန်းက အားကစားကွင်းတွေ ပန်းခြံတွေ အစုံအလင် အပြည့်အဝ ပါခဲ့တာပါပဲ အခုမှာတော့ အားလုံးလည်း သိကြတဲ့အတိုင်းပါပဲ စိတ်မကောင်းစရာပါ။ ကျွန်တော်တို့ တောင်ဥက္ကလာပမှာဆိုရင် အမှတ်(၁၁) ရပ်ကွက်နဲ့ အမှတ်(၁၂)ရပ်ကွက်မှာရှိတဲ့ ပန်းခြံတွေကို ကားပါကင်ဆောက်ဖို့ဆိုပြီးတော့ လိုအပ်ချက် အရဆိုပြီး ဒါမျိုး ဆောင်ရွက်နေတာတွေ ရှိပါတယ်။

အဲဒီတော့ တင်ပြချင်တာကတော့ ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်။ ဥက္ကဋ္ဌကြီး ကိုယ်တိုင် ဖော်ထုတ်ပေးခဲ့တဲ့ ဒဂုံမြို့သစ် (၄)မြို့နယ်၊ ဒီလောက်မှာပဲ ပန်းခြံတို့၊ အားကစားကွင်းတို့ ဆိုတာ ကျန်မယ့်သဘော ဖြစ်ပါတယ်။ နဂိုမူလပင်ရင်းဖြစ်တဲ့ ဒီမေးခွန်းထဲမှာလည်း အဓိကအားဖြင့် ဥပမာ (၄)ခုပဲ ပေးထားပါတယ်ခင်ဗျား။ အဲဒီဥပမာ (၄)ခုကို တင်ပြပါမယ်။ နဂိုမူလ ပင်ရင်း ရန်ကုန်မြို့ထဲက နေရာတွေပါ။ တာမွေရာပြည့်အားကစားကွင်း ဖြစ်ပါတယ်။ စည်ပင်ကနေပြီးတော့ လွှဲပြောင်း ယူသွားပြီးတော့ အဆင့်ဆင့် ဈေးအဖြစ်ကို တည်ရှိနေတာကို ကြာပါပြီ။ ဈေးကနေပြီးတော့ ခုချိန်မှာအထပ်မြင့် အဆောက်အဦ ဖြစ်လာပါတယ်။ ဒါပေမဲ့ ရာပြည့် အားကစားကွင်းဆိုတာ သမိုင်းအထင်ကရ အားကစားကွင်းပါ။ နောက်တစ်ခါ သိမ်ဖြူကွင်းလည်း ဒီလိုပါပဲ သိမ်ဖြူ အားကစားကွင်း ဒီကနေပြီးတော့ စည်ပင်က လွှဲယူသွားတယ်။ လွှဲယူသွားပြီးတဲ့အခါမှာ ကျွန်တော်တို့ ယာဉ်မောင်းသင်တန်း လေ့ကျင့်ရေးကျောင်း နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့တယ်။ တဖြည်းဖြည်း တဖြည်းဖြည်းကနေပြီးတော့ အခု မေ့လောက်တဲ့အခါကျတော့မှ ဒီနေရာမှာ အထပ်မြင့် အဆောက်အအုံကြီး အင်မတန်မှ တန်ဘိုးကြီးတဲ့ အဆောက်အအုံကြီး ဆောက်ဖို့ စီမံဆောင်ရွက်တာ တွေ့ပါတယ်။

နောက်ဆုံး ဥပမာ နှစ်ခု တင်ပြချင်တာကတော့ ကျွန်တော် ငယ်စဉ်က ကျွန်တော် ပညာဆည်းပူးခဲ့တဲ့ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ ပြည်လမ်း TTC ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ရန်ကင်း TTC ဖြစ်ပါတယ်။ ဒီကျောင်း(၂)ကျောင်းကို ဥပမာအနေနဲ့ ထုတ်နုတ်

ပြီး တင်ပြရတာ ဒီကျောင်းတွေဟာ လေ့ကျင့်ရေးကျောင်းတွေ ဖြစ်ပါတယ်။ သာမန် အထက်တန်းကျောင်း၊ သာမန်အလယ်တန်းကျောင်းတွေနဲ့ ကွဲပြားခြားနားပါတယ်။ ဒီနေရာမှာ ပညာရေးတက္ကသိုလ်၊ ဒါမှမဟုတ်လည်း ပညာရေးကောလိပ်တွေကနေပြီးတော့ ဆရာ/ ဆရာမအဖြစ် မွေးထုတ်ပေးလိုက်မယ့် ဆရာမတွေက လေ့ကျင့်သင်ကြားပေးတဲ့နေရာတွေပါ။ ကျွန်တော်တို့ ပြည်လမ်း TTC မှာဆိုရင် မိုးလုံလေလုံ အားကစားရုံ Gym ကြီး (၂)ခု ရှိပါတယ်။ အမျိုးသမီး အားကစားရုံ၊ အမျိုးသားအားကစားရုံ၊ သီးသန့်ဘောလုံးကွင်း (၂)ကွင်း ရှိပါတယ်။ အဲဒီပညာရေး ဌာနက လိုအပ်ချက်အရ ဆိုပြီးတော့ ဒီဘောလုံးကွင်းတွေ ဒီနေ့ ဒီချိန်မှာ မရှိတော့ပါဘူး။ ကျောင်းဆောင်သစ်တွေ ဆောက်လုပ်လိုက်ပါပြီ။ အင်မတန်မှကို ဝမ်းနည်းဖို့ ကောင်းပါတယ်။ ကျွန်တော်တို့ ကျောင်းသားဦးရေ တိုးတက်လာရင် ကျောင်းအသစ် ထပ်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒီကျောင်း(၁) ကျောင်းဟာ လုံလောက်တဲ့ Capacity သူ့မှာ ပြည့်သွားပြီ၊ ပိုသွားပြီ ဆိုတဲ့အခါကျရင် အားကစားကွင်းတွေကို အဆောက်အအုံတွေ ဆောက်လိုက်တာဟာ ဒီမြေနေရာဟာ ဘယ်လိုမှ ပြန်ပြီးတော့ အစားထိုး မရနိုင်ပါဘူးခင်ဗျာ။ ရန်ကင်း TTC ဆိုလည်း ဒီလိုပါပဲ ကျွန်တော်တို့ ရန်ကင်းလမ်းမကြီးနဲ့ တည့်တည့်ကြီး သွားလိုက်ရင် ဘောလုံးကွင်းကြီး ကျွန်တော်တို့ မြို့နယ်အဆင့် ပြိုင်ပွဲတွေတောင်မှ ကျင်းပတဲ့ ကွင်းကြီးပါ။ ယနေ့အချိန်မှာ မရှိတော့ပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေကို အသစ်တဖန်ပေါ့နော်၊ ပြန်ပြီးတော့ ဖော်ထုတ်ဖို့ဆိုတာ အင်မတန်မှ ခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုမှာ ပြည်သူတွေ အနားယူအပန်းဖြေရန် နေရာတွေနဲ့ မျိုးဆက်သစ် လူငယ်တွေအတွက် အားကစားကွင်းတွေက မရှိမဖြစ် ပါဝင်ရမယ့် နေရာတွေ ဖြစ်ပါတယ်။ ဒါတွေကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ယနေ့အချိန်မှာတော့ ပွင့်ပွင့်လင်းလင်း ဝေဖန်ရရင် ဟန်ချက်ညီအောင် ပြုလုပ်နိုင်ခြင်း မရှိဘူးဆိုတာကို ဝမ်းနည်းကြေကွဲဖွယ်ရာ တွေ့မြင်ရပါတယ်။ တိကျခိုင်မာတဲ့ Town Plan မျိုး မဟုတ်ဘဲနဲ့ ရန်ကုန်မြို့တော်မှာ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတာဟာ အများပြည်သူတွေအတွက်ကို တော်တော်ကို ထိခိုက်နစ်နာပါတယ်ခင်ဗျာ။

အလျဉ်းသင့်လို့ တင်ပြရရင် ပြီးခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ တင်ပြီးတော့မှ ပြန်လည်ရုပ်သိမ်းသွားတဲ့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆိုလည်း ဒီလိုပါပဲ၊ ကျကျနန ပေါ့နော်၊ ပြည်သူတွေကို ချပြပြီးတော့ ဆောင်ရွက်ခြင်း မရှိဘူး။ ဆောင်ရွက်ခဲ့တဲ့နေရာတွေကလည်း ခုန ဥပမာပေးတင်ပြသွားတဲ့ တာမွေရာပြည့်အားကစားကွင်း၊ သိမ်ဖြူကွင်း၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းနဲ့ ရန်ကင်းပညာရေးကောလိပ် မှာရှိတဲ့ အားကစားကွင်းတွေမှာ ယနေ့အချိန်မှာ မြင်တဲ့အတိုင်းပါပဲ၊ ဒါလေးတွေကို အဓိအားဖြင့် တင်ပြချင်တာပါ။ ဒီအတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မေးမြန်းလိုတာကတော့ ပြည်သူတွေအတွက် လုံလောက်ပြည့်ဝတဲ့ အနည်းဆုံး မြို့နယ်အဆင့် အားကစားကွင်း ရှိရပါမယ်။ ရပ်ကွက်အလိုက် ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းမှာ ရပ်ကွက်အားကစားကွင်း ရှိရပါမယ်။ ဒါတွေကို ပြန်လည်ဖော်ထုတ်ပေးဖို့ အစီအစဉ် ရှိ/ မရှိနဲ့ ပြန်လည်ဖော်ထုတ်ပေးဖို့ အစီအစဉ် မရှိဘူးဆိုရင် ဒါဟာ အများပြည်သူအကျိုးကို ဆန့်ကျင်ပြီးတော့ လူတစ်စု ကောင်းစားရေးကိုပဲ ဦးတည်ဆောင်ရွက်ပေးနေတဲ့ သဘောသက်ရောက်နေတယ်ဆိုတာကို သိ၊ မသိ အများပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အပြုသဘော မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**လှည်းကူးမြို့နယ် အားကစားကွင်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က လှည်းကူးမြို့နယ် အားကစားကွင်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ စိတ်၏ ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် အားကစားကွင်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘောလုံးအားကစားကွင်းဟာ ၁၉၆၅ ခုနှစ်ခန့်က တည်ဆောက်ခဲ့ပြီး လွန်ခဲ့သော (၁၃)နှစ်မှ စတင်၍ အားကစားပြိုင်ပွဲများ ကျင်းပနိုင်ခြင်း မရှိတော့ဘဲ ဘောလုံးကွင်းမှာ ကိုင်းပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိပါတယ်။ ထို့အပြင် မိုးလုံလေလုံ အားကစားရုံမှာလည်း နှစ်ကာလ ကြာမြင့်သဖြင့် ပြိုကျပျက်စီးသွားခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှာ မြို့မိမြို့ဖများရဲ့ စီစဉ်မှုနဲ့ မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ခဲ့ပြီး ကွင်းအတွင်းမှာ ချုံနွယ်များ ရှင်းလင်းခြင်း၊ ဘောလုံးကွင်းကို ပြိုင်ပွဲကျင်းပနိုင်ဖို့ ပြုပြင်ဆောင်ရွက်ခဲ့ရာ ငွေကျပ် သိန်း(၅၀)ခန့် ကုန်ကျခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ယခုအခါမှာ မြို့နယ်အတွင်း အားကစားနဲ့ ကာယပညာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ဆောင်ရွက်ပေးရန် ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာခွင့်ပန်အပ်ပါတယ်။ ဒါကတော့ လှည်းကူးမြို့နယ် ဘောလုံးကွင်းအဝင် ဖြစ်ပါတယ်။ ဒါ လှည်းကူးမြို့နယ်ဘောလုံးကွင်းနေရာ ဖြစ်ပါတယ်။ ဒါကတော့ မိုးလုံလေလုံအားကစားခန်းမ ပျက်စီးသွားတာ ဖြစ်ပါတယ်။ ဒါကတော့ ဘောလုံးကွင်းမှာ မြက်တွေ ထူထပ်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ဘောလုံးကွင်း မျက်နှာစာမှာ ပြုပြင်ဖို့ မြက်ထူထပ်တဲ့နေရာ ဖြစ်ပါတယ်။ နောက် ဘောလုံးကွင်း အရှေ့ဘက်ခြမ်း အုတ်တံတိုင်း ပြိုကျပြီးတော့ ပေါက်ပြဲသွားတဲ့နေရာ ဖြစ်ပါတယ်။ အလားတူပဲ အနောက်ဘက်ခြမ်းကလည်း ပေါက်ပြဲနေတဲ့နေရာ ဖြစ်ပါတယ်။ မြောက်ဘက်ခြမ်းမှာလည်း ပေါက်ပြဲနေတာရှိပါတယ်။ ဒါကြောင့်မိုလို့ မြို့နယ်အားကစား ဦးစီးဌာနအနေနဲ့ ကျွန်တော်တို့ လိုအပ်တဲ့ အချက်အလက်များ ရှိပါတယ်။ ဒါက ဝန်ထမ်းအင်အားလည်း (၄)ယောက် လိုပါတယ်။ ဦးစီးအရာရှိ (၁)ယောက်၊ နည်းစနစ်မှူး(၁)ယောက်၊ ဒုတိယလက်ထောက် ထိန်းသိမ်းရေးမှူး (၁)ယောက်နဲ့ ရုံးအကူ (၁)ယောက် အားလုံး (၄)ဦး လိုပါတယ်။ အခြေခံအဆောက်အဦ လိုအပ်ချက် က ရုံးဦးစီးအရာရှိ

နေအိမ်တစ်လုံး ဆောက်လုပ်ရန် လိုပါတယ်။ နောက် ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ တစ်လုံး ဆောက်လုပ်ပေးရန် လိုပါတယ်။ မိုးလုံလေလုံ အားကစားကွင်းအသစ် ဆောက်လုပ် ပေးရန်လည်း လိုအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဘောလုံးကွင်း ပြုပြင်ခြင်းနှင့် အဆင့်မြှင့် တင်ပေးရန် အောက်ပါအတိုင်း လိုအပ်ပါတယ်။ ခြံစည်းရိုး အုတ်တံတိုင်းများ (၅၀) ရာခိုင်နှုန်း ပျက်စီးခြင်းကို ပြုပြင်ပေးရန် လိုအပ်ပါတယ်။ ဘောလုံးကန် အားကစားကွင်းကို အဆင့်မြှင့်ပေးရန်လည်း လိုအပ်ပါတယ်။ ပရိသတ် (၅၀၀)စီဆံ့ပွဲကြည့်စင် (၂)ခု တည်ဆောက်ပေးရန် လိုအပ်ပါတယ်။

သို့ပါ၍ အထက်ပါ တင်ပြချက်များအား ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောက်ရွက် ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်ကလတွင် ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

လှည်းကူးမြို့ ဘောလုံးကွင်းအဝင် (၉)



လှည်းကူးမြို့ ဘောလုံးကွင်းနေရာ (၉-၁)




လှည်းကူးမြို့ ဘောလုံးကွင်းမျက်နှာစာနေရာ ပြုပြင်ရန်ပုံ (၉-၂)




**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးသောင်းထိုက် (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး နိုင်ငံတော်၏ ကောင်းကျိုးတာဝန်များကို ဆတက်ထမ်းပိုး တိုး၍ အောင်မြင်စွာ ထမ်းဆောင်နိုင်

ပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ စီးပွားရေးမြို့တော် ရန်ကုန်တွင် အများပြည်သူများအတွက် လုံလောက်သည့် အားကစားကွင်းများ ပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ပြန်လည်ဖြေကြား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလို ဖြေကြားနိုင်ဖို့အတွက် အားကစားဝန်ကြီးဌာန အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့် က ဝန်ကြီးချုပ်ကိုယ်စား ပြန်လည် ဖြေကြားချက်ပေါ် မူတည်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် အများပြည်သူများ ကျန်းမာကြံ့ခိုင်ရေးနဲ့ အနားယူ အပန်းဖြေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနခွဲမှ တာဝန်ယူ ထိန်းသိမ်းထားရှိသော အားကစားကွင်းများမှာ ယခင်က (၅၃)ကွင်းသာ ရှိခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အားကစားကွင်း (၂၁)ကွင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အားကစားကွင်း (၁၃)ကွင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အားကစားကွင်း (၁၂)ကွင်း၊ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အားကစားကွင်း (၁၁)ကွင်း အသစ်တိုးချဲ့၍ ရာသီမရွေး ကစားနိုင်ရန် အဆင့်မြှင့်တင် တည်ဆောက် ပေးလျက်ရှိပါတယ်။ ယခုအခါမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်တွင် အားကစားကွင်း ဖူဆယ်ကွင်းနှင့် ကစားကွင်း စုစုပေါင်း (၁၁၀)ကွင်း တိုးတက်တည်ဆောက် ပေးနိုင်ခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ မြို့နယ် (၆)မြို့နယ်မှာ အားကစားကွင်း စုစုပေါင်း (၁၅)ကွင်း၊ ဖူဆယ်ဘောလုံးကွင်းများ အပါအဝင် အသစ်တိုးချဲ့တည်ဆောက်သွားရန် လျာထားသတ်မှတ်ပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ယခင်က ရှိပြီးဖြစ်သော အားကစားကွင်းများကို စီမံကိန်းစီမံချက် အမျိုးမျိုးဖြင့် အိမ်ရာ အဆောက်အဦများ တည်ဆောက်ခြင်း မရှိသည့်အပြင် လက်ရှိထိန်းသိမ်းထားသည့် ကစားကွင်းများကိုလည်း အများပြည်သူများ ရာသီမရွေး ကစားနိုင်ရေးအတွက် အဆင့်မြှင့်တင်ခြင်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ အားကစားကွင်းအသစ်များကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် မြေနေရာများ ထပ်မံဖော်ထုတ်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်တီမှ စဉ်ဆက်မပြတ် တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ အားကစားဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ တာမွေရာပြည့်ကွင်း၊ သိမ်ဖြူကွင်းတို့ဟာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီပိုင်မြေဖြစ်ပြီးတော့ အားကစားဝန်ကြီးဌာနပိုင်မြေ မဟုတ်ပါဘူး။ ပြည်လမ်းမှာရှိတဲ့ ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ရန်ကင်းဆရာအတတ်သင် ကောလိပ်ကျောင်းတို့မှာရှိတဲ့ အားကစား ကွင်းနေရာများဟာလည်း အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း ပညာရေးဝန်ကြီး ဌာနပိုင်မြေများ ဖြစ်ပါတယ်။ ကျွန်တော်တို့ အားကစားဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အားကစားကွင်း၊

အားကစားရုံ အသစ်များထပ်မံဖော်ထုတ်ဆောက်လုပ်ရန်အတွက် ကျွန်တော်တို့ အားကစား ဝန်ကြီးဌာန၊ အမည်ပေါက်မြေများ ရရှိမည်ဆိုပါက ပြည်သူများရဲ့ ကျန်းမာကြံ့ခိုင်ရေး၊ လူငယ်များရဲ့ ဗလငါးတန် ဖွံ့ဖြိုးရေးကို ရည်မျှော်ပြီးတော့ ရုံသစ်များ၊ ကွင်းသစ်များကို ဖော်ထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနဲ့ လက်ရှိမှာတော့ အမည်ပေါက်၊ ကျွန်တော်တို့ အားကစားဝန်ကြီးဌာနပိုင် အမည်ပေါက် မြေ မရရှိသေးပါသဖြင့် ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် မှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့နယ်အားကစားကွင်းကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှာ အားကစားကွင်း တစ်ကွင်း၊ အားကစားရုံတစ်ရုံ ရှိခဲ့ပါတယ်။ သို့သော်လည်း ကြက်တောင်အားကစားရုံဟောင်းဟာ ခုနက ကျွန်တော်တို့ Power point ဖြင့် တင်ပြသလိုပဲ ပြိုကျပျက်စီးသွားပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီနေရာမှာ (ခ)အဆင့်ရှိတဲ့ မိုးလုံလေလုံအားကစားရုံ (၁)ရုံ ဆောက်လုပ်ပေးရန်အတွက် ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှာ ကျပ်သိန်း(၁၄၀၀) ပါဝင်ပါတယ်။ တည်ဆောက်နိုင်ရေးအတွက် တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ လှည်းကူးမြို့နယ် အားကစားကွင်းကိုတော့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဘတ်ဂျက်ပါဝင်ခြင်းမရှိသေးပါ၍ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်ဆက်တွဲမေးခွန်းမေးမြန်းခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ ပါပါတယ်။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြန်ဖြေတော့ ကျွန်တော်တို့ နဂိုမူလကရှိတာမှာ (၅၃)ကွင်း၊ အခုက (၁၁၀)ဆိုတော့ တိုးတက်လာတာ ကိန်းဂဏန်းအရတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒါတွေက မြို့ပြင်ကို အသစ်တည်တဲ့မြို့တွေမှာ ကျွန်တော်ခုနကလည်း တင်ပြပြီးသွားပါပြီ။ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာတောင် downtown ဖြစ်လာတဲ့အခါကျတော့ ဒီလိုမျိုး ဖြန့်ကျက်ပြီးတော့ တိုးတက် သွားတာဖြစ်ပါတယ်။ နောက် ခုနက အားကစားဝန်ကြီးဌာနက ဒုတိယဝန်ကြီးဖြေကြားတဲ့အဖြေကို အင်မတန်မှ ကျေနပ်ပါတယ်ခင်ဗျာ။ ဘာလို့လဲဆိုတော့ တာမွေရာပြည့်ကွင်းနဲ့ သိမ်ဖြူအားကစားကွင်း များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ လက်အောက်မှာသာရှိပါတယ်လို့ ဖြေသွားပေမယ့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြန်ကြားလာတဲ့အချိန်မှာတော့ စည်ပင်သာယာ ရေးကော်မတီက အားကစားကွင်းတွေကို ဒီလိုအထပ်မြှင့်အဆောက်အအုံတွေကို တည်ဆောက်ခြင်း မရှိဘူးလို့ ဆိုတာ ဒါဟာကွဲလွဲချက်တစ်ရပ် ဖြစ်နေကြောင်းထောက်ပြလိုပါတယ်။

အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို နောက်ဆက်တွဲ မေးမြန်းလိုတာကတော့ ကျွန်တော်တို့ အားကစားကွင်းတွေကို မှန်ပါတယ်။ စည်ပင်သာယာကပဲ စီမံခန့်ခွဲခဲ့၊ ဒါသက်ဆိုင်ရာ စီမံခန့်

ခဲ့ပေမယ့် အားကစားကွင်းတွေနဲ့ ပတ်သက်လို့ တစ်ခုခု ခုနက ဈေးအဖြစ် ပြောင်းလဲသွားတော့မယ်၊ ယာဉ်မောင်း လေ့ကျင့်ရေးကွင်းအဖြစ်ပြောင်းလဲသွားတော့မယ်ဆိုရင် အားကစားဝန်ကြီးဌာနရဲ့ အတည်ပြုထောက်ခံချက် ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့ Expert Opinion ပေါ့။ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ ထောက်ခံချက်ကို ယူရပါမယ်ခင်ဗျား။ အဲဒါမျိုးယူခဲ့ခြင်း ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးသောင်းထိုက် (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ကျွန်တော်တို့ နိုင်ငံတစ်ဝန်းလုံးမှာ အားကစားကွင်း၊ အားကစားရုံမြေနေရာများဟာ ပြည်သူ့အကျိုး၊ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်သောလူမျိုး ဖြစ်စေရေးအတွက် အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ ကနေပြီးတော့ ဒါ စီမံဆောင်ရွက်ပေးခဲ့တဲ့ မြေနေရာများဖြစ်ပါတယ်။ ဒီနေရာများ မပပျောက်သွားစေရေး၊ မဆုံးရှုံးသွားစေရေးအတွက် ကျွန်တော်တို့ အားကစားဝန်ကြီးဌာနအနေနဲ့ အမြဲတမ်းဂရုပြုဆောင်ရွက်လျက် ရှိပါတယ်။ ဒီအပြင် အခုဆိုလို့ရှိရင် ကျွန်တော်တို့ အားကစားဝန်ကြီးဌာနအနေနဲ့ ဒီမြို့နယ်(၁၀၀) လောက်မှာ အားကစားကွင်းတွေကို အဆင့်မြှင့်ပြုပြင်မယ်။ မြို့နယ်အားလုံး(၃၃၀)လုံးတော့ ပထမအဆင့် အနေနဲ့ မလုပ်နိုင်သေးဘူး။ မြို့နယ်(၁၀၀)လောက်ကို ကျွန်တော်တို့ ဦးစားပေးရွေးချယ်ပြီးတော့ မြှင့်တင်မယ်။ မြှင့်တင်ပြီးလို့ရှိရင် အားကစားလှုပ်ရှားမှုများကို ပိုမိုပြီးတော့ အခြေခံမှာ လူငယ်တွေ ပိုမိုပြီးတော့ ပါဝင်လာအောင်၊ ပြည်သူတွေပါဝင်လာအောင် ဆောင်ရွက်မယ်ဆိုတဲ့ စီမံချက်ကို ကျွန်တော်တို့ ချမှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ ဒီအားကစားကွင်း၊ အားကစားရုံမြေနေရာများကို အားကစားအသုံးပြုခြင်းမှအပ အခြားကိစ္စများ အသုံးပြုခြင်းထဲကနဲ့ ပတ်သက်လို့ကတော့ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနဲ့ မြေကိုပိုင်ဆိုင် တာဝန်ယူတဲ့ အဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနကို တိုက်ရိုက်မေးမြန်းလာမယ်ဆိုလို့ရှိရင်တော့ ဝန်ကြီးဌာနရဲ့သဘောထား မှတ်ချက်ကို ပြန်ကြားနိုင်တဲ့အနေအထား ရှိပါတယ်။ ကျွန်တော်တို့ မေးမြန်းလာခြင်းမရှိလို့ရှိရင်တော့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကနေ ပြီးတော့ စည်းမျဉ်းစည်းကမ်းနဲ့ အညီဆောင်ရွက်ချက်တွေအပေါ်မှာ ပြန်လည်မေးမြန်းပြောဆိုခြင်းမရှိဘူး ဆိုတာကို ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးဝင်းနိုင်ရှိန် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ ကျွန်တော် ဦးဝင်းနိုင်ရှိန် မှ ဖတ်ကြားအစီရင်ခံမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>
ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်<br>
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၄ - ၄၅၇<br>
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

၁။ ပြည်သူ့လွှတ်တော်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၉-၉-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၁-၁၀-၂၀၁၄ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်းသည် ၁၂-၃-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့် ၂၈-၃-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သော ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်အချို့ ကွဲလွဲနေသည်ကို ညီညွတ်မှုရှိစေရန်အတွက် ရေးဆွဲတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ သုံးငွေစာရင်းတွင် ပါဝင်ရမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေအရ ပြည်ထောင်စုအစိုးရ၏ သုံးငွေစာရင်းတွင် ပါဝင်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကွဲလွဲချက်မရှိစေရန် ဥပဒေတစ်ရပ်ရပ်ကို ပြန်လည်ပြင်ဆင်ပေးရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်၏ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ပြင်ဆင်ဖြည့်စွက်ချက်များသည် စကားရပ် အသုံးအနှုန်း ပိုမိုပြည့်စုံမှုရှိစေရန်နှင့် ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန် ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ထပ်မံပြင်ဆင် ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ထောက်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၁၀-၂၀၁၄ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၆-၃-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသား လွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော် က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်(၁၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ)ကိုပေါက် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၁။**

**ဦးထွန်းဇော် (ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့ ကိုယ်စားလှယ်ဖြစ်တဲ့အပြင် သတ္တုသယံဇာတ ကော်မတီဝင်တစ်ဦးဖြစ်တဲ့အတွက် မြန်မာ့သတ္တု ဥပဒေ ကြမ်းမှာ ပါရှိတဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ (င)၊ (စ) သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း ကျောက်တို့ရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အများပြည်သူများ သိရှိနိုင်ရန် ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂(ဃ)ဟာ သတ္တုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါတယ်။ သတ္တုဥပဒေဟာ ၁၉၉၄ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပြီး ဥပဒေဖြစ်ပြီး ဥပဒေပြဋ္ဌာန်းစဉ်က သတ္တုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အမျိုးအစားပေါင်း(၂၈)မျိုး ပါဝင်ခဲ့ပါတယ်။ ယင်းစကားရပ်မှာ ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်နဲ့ အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး သတ္တုဟု သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်ဟု ပါရှိပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် ၁၉၉၈ ခုနှစ် မှာ သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁၅၃/၉၈ ကို ၁၉၉၈ ခု၊ ဒီဇင်ဘာလ ၂၁ ရက် နေ့မှာ ထုတ်ပြန်ခဲ့ပြီး သတ္တုဆိုတဲ့ စကားရပ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အလေးစီးသဲကိုပါ သတ္တုဖြစ်သည် ဟု ဖြည့်စွက် သတ်မှတ်ခဲ့ပြန်ပါတယ်။ ၂၀၀၁ ခုနှစ်တွင်လည်း ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၀၁ နှင့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း၊ ကျောက်ဆိုတဲ့ စကားရပ်အသီးသီးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သတ္တုအမျိုးအစားအသစ်အဖြစ် တိုက်တေနီယမ်၊ မော်လစ်ဒီနမ် နဲ့ မဂ္ဂနီစီယမ် (၃)မျိုးကို ထုတ်ပြန်သတ်မှတ်ခဲ့ပါတယ်။ ထိုနည်းတူ မြေရှားသတ္တုဟာ ကမ္ဘာ့ဈေးကွက်မှာ ဝယ်လိုအား၊ ရောင်းလိုအားကောင်းတယ်။ မြန်မာနိုင်ငံမှာလည်း ထွက်တယ်။ ဒါကြောင့် ဘယ်ရီလီယမ် ဟာလည်း ဈေးကွက်ဝင်သတ္တုဖြစ်တဲ့အတွက် ဥပဒေကြမ်းရေးဆွဲရာတွင် ဖြည့်စွက်ထည့်သွင်းထား ရခြင်းဖြစ်ပါတယ်။ ၎င်းနောက် သတ္တုတွင်း ဥပဒေပုဒ်မ ၂(င)ဟာ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းဆိုတဲ့ စကားရပ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ် သတ္တုတွင်းဥပဒေမှာ စက်မှုတွင်းထွက် ကုန်ကြမ်းဟု သတ်မှတ်တဲ့ သတ္တုပစ္စည်း(၂၁)မျိုး ပါဝင်ပါတယ်။ ၎င်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး စက်မှုတွင်းထွက် ကုန်ကြမ်း ပစ္စည်းဟု သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်တယ်ဟု ဖွင့်ဆိုထားပါတယ်။ အမျိုးသား လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းကို ၂၀၀၁ ခုနှစ် သတ္တုတွင်းဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာ အမှတ် ၂၀/၂၀၀၁ တွင် ထုတ်ပြန်ထားတဲ့ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း(၅)မျိုးတို့မှာ ကန့်၊ ဆိုဒါပြာ၊ ဖော့စဖိတ်၊ ဘောက်ဆိုက်နဲ့ ဖန်ချက်သဲ တို့အပြင် ဆေးဒန်း၊ ကွာဇိုက်၊ ပိုဇိုလန် နဲ့ ရတနာတန်းဝင် အဆင့် မမီတဲ့ သလင်းကျောက်တို့ကိုပါ ဖြည့်စွက်ထားပါတယ်။ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားတဲ့ စက်မှု တွင်းထွက် ကုန်ကြမ်းတို့ကို ဥပဒေပြင်ဆင်ချိန်မှာ တစ်ပါတည်းထည့်သွင်း ဖော်ပြရခြင်းဟာ ဈေးကွက်ဝင် နေသောပစ္စည်းများကို ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပုဒ်မ ၂(စ)ဟာ ကျောက်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါတယ်။ ဥပဒေ ကို ၁၉၉၄ ခုနှစ်မှာ ထုတ်ပြန် ပြဋ္ဌာန်းစဉ်က ကျောက်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့်မမီသော ကျောက်အမျိုးအစား(၆)မျိုး ပါဝင်ပါတယ်။ ယင်းစကားရပ်တွင် ဝန်ကြီး ဌာနက အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အလှဆင် ကျောက်ထုတ်လုပ်ရန် အဆင့်မီကျောက်ဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်ပါတယ်။ လမ်းခင်းရာတွင် အသုံးပြုတဲ့ အဆင့်မမီသော ကျောက်များ မပါဝင်ဟုလည်း ပါရှိပါတယ်ခင်ဗျား။ အမိန့် ကြော်ငြာစာအမှတ် ၂၀/၂၀၀၁ နဲ့ ထုတ်ပြန်ထားတဲ့ သင်ပုန်းကျောက်၊ အင်ကြင်းကျောက်၊ ဝိုင်ရော့ဆီနိုက်၊ ဆာပင်တိနိုက်၊ ဟွန်မလင်းနိုက်၊ အင်ဒီဆိုက် ကျောက်တို့ကို အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့်မီတဲ့ ကျောက်အဖြစ် ထည့်သွင်းဖြည့်စွက်ထားပါတယ်။ ဒ့ါအပြင် ထန်းပင်ကျောက်၊ သစ်ပင်မှ ဖြစ်တဲ့ ကျောက်အမျိုးမျိုး၊ ဒိုလာရိုက်ကျောက်၊ ကွာဇိုက်ကျောက်၊ ဗဆော့ကျောက်၊ သျှစ်ကျောက်၊ ကွန်ဂလိုမရိတ်၊ စရစ်လုံးကျောက်၊ ရတနာတန်းဝင် အဆင့်မမီတဲ့ ပယ်ရီတိုလ် တို့ဟာ ကမ္ဘာ့ဈေးကွက်မှာ ဝယ်လိုအား၊

ရောင်းလိုအားကောင်း၍ မြန်မာနိုင်ငံမှာလည်း ထွက်ရှိခြင်းကြောင့် ဈေးကွက်ဝင် ကျောက်များဖြစ်၍ ဥပဒေရေးဆွဲရာတွင် ဖြည့်စွက် ထည့်သွင်းထားရခြင်း ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ် သတ္တုတွင်းဥပဒေ ကျောက်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သလင်းကျောက် ပါရှိခဲ့ပါတယ်။ အမျိုးသား လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းမှာ ကျောက်ဟူသောစကားရပ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖွင့်ဆိုရာတွင် စာစီရာတွင် ချို့ယွင်းမှုကြောင့် သလင်းကျောက် ကျန်ရှိခဲ့ခြင်းကို ဖြည့်စွက်၍ အတည်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ပြင်ဆင်တဲ့ ဥပဒေကြမ်းရေးဆွဲရာတွင် မူရင်းဥပဒေပြဋ္ဌာန်းချက်၌ ပါရှိပြီး အမျိုးအစားများအပြင် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာများနဲ့ သတ်မှတ်ပြီးတဲ့ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းနဲ့ ကျောက်တို့ကို ဖြည့်စွက်ဖော်ပြခြင်းအားဖြင့် ဥပဒေပြဋ္ဌာန်းချက် ပြည့်စုံစေပါတယ်။ ၎င်းတို့ကို၊ ဒါတွေကို ချန်လှပ်ထားခဲ့ပါက ဥပဒေပြဋ္ဌာန်းချက် တစ်မျိုးတည်းဖြင့် ပြည့်စုံမှုမရှိဘဲ အမိန့်ကြော်ငြာစာများကိုပါ ထပ်မံရှာဖွေလေ့လာရမည်ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေအသစ် ပြင်ဆင်ရေးဆွဲချိန်မှာ ခေတ်စနစ်နဲ့ လျော်ညီအောင် ပြင်ဆင်ရေးဆွဲနိုင်ရန်နဲ့ ဥပဒေပြဋ္ဌာန်းချက်များ ခေတ်နဲ့အညီဖြစ်စေရန် Up Date လုပ်ခြင်းက ပိုမိုပြည့်စုံမှန်ကန်မည်ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးဖြစ်တဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)တို့ကို ဆက်လက်အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာ အပြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးမယ့်အကြောင်းအရာကတော့ ကျွန်တော်တို့ ပုဒ်မ ၂(ဋ)၊ ပုဒ်မ ၂(ဌ)၊ ပုဒ်မ ၂(ဍ) ဒါတွေဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၂(ဋ)မှာဆိုလို့ရှိရင် အကြီးစားထုတ်လုပ်ခြင်းဆိုတဲ့ စကားရပ် ဖြစ်ပါတယ်။ အကြီးစားမှာ ကျွန်တော် တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော်က အတည်ပြုထားတာက (၁၅)နှစ် အထက်ဆိုပြီးတော့ ကျွန်တော်တို့ အတည်ပြုထားပါတယ်။ အဲဒီမှာ ပြည်သူ့လွှတ်တော်ကကျတော့ (၂၅)နှစ် အထိဆိုပြီးတော့ သူက ကန့်သတ်လိုက်ပါတယ်။ အဲဒီလိုကန့်သတ်လိုက်တဲ့အခါမှာ ဘာနဲ့သွားပြီး clash ဖြစ်သလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေရယ်၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေရယ် ဒီဥပဒေ(၂)ခု နဲ့သွားပြီးတော့ clash ဖြစ်ပါတယ်။ ဒီအထဲမှာ ဘယ်လိုဖော်ပြထားသလဲဆိုတော့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုမှာရော၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုမှာရောက ပထမ၊ ကနဦးရင်းနှီးမြှုပ်နှံမှုက နှစ်(၅၀)၊ (၁၀)နှစ်၊ (၁၀)နှစ် ထပ်တိုးနှစ်ကြိမ်ပေါင်း နှစ်(၇၀) ပေးထားပါတယ်။ အဲဒီတော့ ဒီလိုမျိုး ပေးထားပြီးတော့မှ ဒီမှာမှ လာပြီးတော့ ပြည်သူ့လွှတ်တော်ကလိုပဲ (၂၅)နှစ်ထိဆိုပြီး ကန့်သတ်လိုက်မယ်ဆိုလို့ရှိရင် နိုင်ငံခြားကလာပြီး ရင်းနှီးမြှုပ်နှံမယ့် (Foreign Direct Investment )ပုဂ္ဂိုလ်များက ခင်ဗျားတို့

ဥပဒေကလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးပါလားဗျာဆိုပြီး ကျွန်တော်တို့ကို ထောက်ပြမှာ စိုးရိမ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော်က သတ်မှတ်ထားတဲ့အတိုင်း (၁၅)နှစ်နဲ့အထက် ဆိုပြီးတော့ (15 Years aboved) ကိုပဲ ကျွန်တော့်အနေနဲ့ ထောက်ခံသင့်ကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။

ဒုတိယကတော့ ကျွန်တော်ဆွေးနွေးမယ့်ဟာကတော့ (၄)ပါ၊ ပုဒ်မ ၂(၄)မှာ ကျွန်တော်တို့က အလတ်စားကိုတော့ ပြည်သူ့လွှတ်တော်နဲ့ ကျွန်တော်တို့သဘောတူပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ အသေးစားထုတ်လုပ်ခြင်းပါ။ အသေးစားကို ကျွန်တော်တို့က အခုလက်ရှိမှာ နိုင်ငံတော်နဲ့ ကျွန်တော်တို့က (70:30)၊ (၇၀း၃၀) အချိုးနဲ့ ကျွန်တော်တို့က ခွဲပါတယ်။ ကျွန်တော်တို့က (၃)နှစ် သက်တမ်းထားပြီးတော့မှ တစ်နှစ်၊ တစ်နှစ် (၂)ကြိမ်ဆိုတော့ (၅)နှစ်သက်တမ်းလို့ ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့ (၁၀)နှစ်လို့ ကျွန်တော်တို့က ရေးဆွဲထားပါတယ်။ ပြည်သူ့လွှတ်တော်က(၅)နှစ်၊ (၅)နှစ်ဆိုတဲ့နေရာမှာ ပထမ(၃)နှစ်မှာ တကယ်တမ်း သဘောသဘာဝအရ ဖွင့်ရမယ်။ အပေါ်ပိုင်းကိုဖွင့်မယ်။ လှိုဏ်ခေါင်း Terminal တူးမယ်။ ဒီလိုမျိုးလုပ်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ရာသီမှာ မြန်မာပြည်ရဲ့ ရာသီဥတုအရ တကယ်တမ်းကျတော့ (၆)လပဲ မိုင်းလုပ်ငန်းက လုပ်နိုင်တယ်။ ကျန်တဲ့(၆)လက ကျွန်တော်တို့ မိုးတွင်းရယ်၊ မိုးတွင်းမှာဆိုရင် ကျွန်တော်တို့ မိုင်းလုပ်ငန်းဟာ ရပ်တန့်ထားရတယ်။

ဒါကြောင့်မို့ (၃)နှစ်ဆိုတာကလည်း တကယ်တမ်းကျတော့ Working Hour အရ တစ်နှစ်ခွဲပဲ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ (၁၀)နှစ် ပေးခြင်းအားဖြင့် ကျွန်တော်တို့ မိုင်းဟာ ကျွန်တော်တို့ ပိုပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက် ပိုအထောက်အကူပြုပါတယ်။ အခုခေတ်မှာ ဖန်လုံအိမ်အာနိသင်တို့၊ ပင်လယ်ရေမြင့်တက်ခြင်း တို့ ဒီ Impact တွေဟာ သိပ်အရေးပါပြီးတော့ ဒါတိုင်းပြည်တိုင်း ဆွေးနွေးနေကြတဲ့ Issues တစ်ခု ဖြစ်နေတယ်။ ဒါကို ကျွန်တော်တို့က လျစ်လျူရှုပြီးတော့ အချိန်တိုပဲ (၃)နှစ်ပဲ ပေးလိုက်ရင် သူက ကပျာကယာ ထုတ်သွားလို့ မိုင်းဒီဇိုင်းအရ သဘာဝပတ်ဝန်းကျင် ပျက်ပြီးကျန်ခဲ့မယ့်အစား နှစ်ရှည်လေး သူ့ရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမယ့် ရက်ကလေးကို၊ နှစ်ကလေးကို ကျွန်တော်တို့က ချန်ထားပြီးတော့ ပေးမယ်ဆိုရင် ပိုမိုအကျိုး သက်ရောက်မှု ရှိတယ်။ ဒါကြောင့်မိုလို့ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ရဲ့ အတည်ပြုချက်အတိုင်း ကျွန်တော်တို့ ထောက်ခံသင့်ပါတယ်။ နောက်ဆုံးအချက်ကတော့ ပုဒ်မ ၂(ဍ) ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် တစ်ပိုင် တစ်နိုင်လို့ပဲ ခေါ်ခေါ်၊ လက်လုပ်လက်စားလို့ပဲ ခေါ်ခေါ် ဒါ မူလဥပဒေမှာတော့ သာမန်လက်သုံးကိရိယာ သုံးမယ်ဆိုရင် သာမန်လက်သုံးကိရိယာသုံးပြီး ထုတ်တာကို ဒါကျွန်တော်တို့က လက်လုပ်လက်စား၊ တစ်ပိုင်တစ်နိုင် ဒီလိုမျိုး သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ပြင်ဆင်တဲ့အခါမှာ အခုခေတ်မှာ ဒယ်ပိုင်းနဲ့၊ ပေါက်ပြားနဲ့ ကျင်နေပါတယ်။ ရွှေထုတ်ပါတယ်။ သတ္တုထုတ်ပါတယ်ဆိုတာ မရှိတော့ပါဘူး။ သူ့ဟာသူ ကျောက်ဖောက်စက်၊ မြင်းကောင်ရေ တစ်ခုသတ်မှတ်ထားတဲ့ ကျောက်ဖောက်စက်ကိုသုံးတယ်။

မြင်းကောင်ရေ တစ်ခု သတ်မှတ်ထားတဲ့ ပြုန်းမှျောစက်တွေ၊ မြင်းကောင်ရေ အနည်းဆုံး (၂၈)ကောင်အားလောက် သူတို့သုံးတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိချက်အရ တွေ့ရပါတယ်။ အဲဒါကို ကျွန်တော်တို့က နည်းဥပဒေကျမှ ကျွန်တော်တို့က ထည့်ရအောင် ကျွန်တော်တို့ ဆွေးနွေးပါတယ်

( ၊ )ဆောင်မှာ။ အဲဒီတော့ နည်းဥပဒေကျမှ ဆွေးနွေး ရမယ့်ဟာကို မလိုဘူး။ ဒို့ဒီမှာပဲ ထည့်တော့မယ်ဆိုတော့၊ ဒါဆိုရင်ခင်ဗျား မြင်းကောင်ရေအား ဘယ်လောက် ထည့်မှာလည်းဆိုတော့ ဒါကျွန်တော် ပွင့်ပွင့်လင်းလင်း ဆွေးနွေးရရင် ပြည်သူ့လွှတ်တော်ဘက်က ကော်မတီနဲ့ ဆွေးနွေးတဲ့အခါမှာ မြင်းကောင်ရေ(၃)ကောင်အားပဲ ထည့်မယ်လို့ သူတို့က ပြောပါတယ်။ ဒါကို ကျွန်တော်က ပြောလိုက်ပါတယ်။ (၃)ကောင်အားဆိုရင်ဗျာလို့ ခင်ဗျားတို့ မုတ်ဆိတ်ရိတ်ဓားစက်ထဲမှာ ထည့်သုံးတဲ့ အားလောက်ပဲ ရှိတယ် အဲဒါကြီးကတော့ သဘာဝမကျဘူး။ လက်တွေ့မဆန်ဘူးလို့ ကျွန်တော်က ပြောတော့မှ အဲဒီ(၃)ကောင်အားကြီးကို ဖျက်လိုက်တယ်။ (၃)ကောင်အားကြီးကို ဖျက်လိုက်တော့ ဘယ်လိုပါလာသလဲ ဆိုတော့ အဲဒီမှာ ဥပဒေအရ၊ ဤဥပဒေအရ သတ်မှတ်ထားသော မြင်းကောင်ရေလို့ပါတယ်။ ဤဥပဒေအရ သတ်မှတ်ထားသော မြင်းကောင်ရေလို့လည်း ပြောသေးတယ်။ ဤဥပဒေထဲမှာ မြင်းကောင်ရေက မပါလာဘူး။ အဲဒီတော့ နည်းဥပဒေကျမှ ကျွန်တော်တို့က ထည့်ရအောင်လို့ ပြောတာကို လက်မခံဘူး။ ဤဥပဒေထဲမှာလည်း သူကမပါဘူး။ မြင်းကောင်ရေက ဘာဖြစ်လို့မပါသလဲ ဆိုတော့ သူတို့ပထမ ထည့်ထားတာက (၃)ကောင် ဆိုတော့ (၃)ကောင်ကတော့ ဒါကြီးကတော့ လက်တွေ့မဆန်ဘူး၊ ခင်ဗျားတို့ သွားကြည့်လိုက်။ ဘယ်မှော်မှာ ကြည့်ကြည့် အဲဒါအနည်းဆုံးတော့ (၂၈)ကောင်အားလောက် သုံးနေတာ တွေ့တယ်လို့ ပြောတဲ့အခါမှာ အဲဒီ(၃)ကောင်ကြီးကို ဖျက်လိုက်တော့ အဲဒီဥပဒေလုပ်ထုံးနဲ့ မညီသော အရေးအသားကြီး ပါလာတာ ဖြစ်တဲ့အတွက်ကြောင့် ဒါကတော့ လုံးဝကို ကျွန်တော်တို့ အမျိုးသား လွှတ်တော်အတိုင်းသာ အတည်ပြု သင့်ကြောင်း ကျွန်တော်က ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးမင်းလွန်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းလွန်းအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအပေါ် ပုဒ်မ ၂ (ပ)ဓာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မူရင်းဥပဒေတွင် မပါရှိခဲ့ပါ။ ၁၉၉၄ ခုနှစ် မူရင်းဥပဒေ ပြဋ္ဌာန်းစဉ် ကာလတွင် ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းကို နိုင်ငံသားလုပ်ငန်းရှင်များလည်း လုပ်ကိုင်ခြင်း မရှိခဲ့သေးပါ။ နိုင်ငံတော်မှ တိုင်းရင်းသားပြည်သူ လုပ်ငန်းရှင်များအား ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို လုပ်ကိုင်ခွင့် ပြုသည့်အချိန်မှစ၍ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်ရရှိတဲ့ သတ္တုရိုင်းများကို အရိုင်းများအတိုင်းသာ ရောင်းချခဲ့ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနတွင် ရွှေသန့်စင်စက်ရုံ၊ တင်း၊ တန်စတင် သန့်စင်စက်ရုံ စသည်ဖြင့် သတ္တုသန့်စင်စက်ရုံများ ရှိခဲ့ပါတယ်။ သတ္တုထုတ်လုပ်မှုကဏ္ဍတွင် လုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်လာခဲ့ပြီးနောက် လွန်ခဲ့တဲ့ (၂)နှစ်၊ (၃)နှစ်ခန့်မှစ၍

နိုင်ငံတော် သတ္တုမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် အရင်း အနှီးတတ်နိုင်တဲ့ လုပ်ငန်းရှင်များက သတ္တုသန့်စင်ခြင်းကို စတင်စမ်းသပ် လုပ်ကိုင်လာပါတယ်။

သတ္တုသန့်စင်တဲ့ နည်းပညာများလည်း ဆည်းပူးလေ့လာမှုများ ရှိလာပါတယ်။ နည်းပညာရှင်များကိုလည်း တရားဝင် ဖိတ်ခေါ်ခန့်ထား၍ သတ္တုသန့်စင်စက်ရုံများ တည်ဆောက်လုပ်ကိုင်လျက်ရှိပါတယ်။ သတ္တုဈေးနှုန်းသည် ကမ္ဘာ့ဈေးကွက်၌ သတ္တုစင် ပါဝင်မှုရာခိုင်နှုန်း တစ်နည်းအားဖြင့် သတ္တုသန့်စင်မှု ရာခိုင်နှုန်းဖြင့် သတ်မှတ်ခြင်းဖြစ်ရာ သတ္တုစင်(၂၀)ရာခိုင်နှုန်း ပါဝင်လျှင် (၂၀)ရာခိုင်နှုန်းအပေါ်တွင် ဈေးရပါတယ်။ (၈၀)ရာခိုင်နှုန်း ပါဝင်လျှင် (၈၀)ရာခိုင်နှုန်းပေါ်တွင် ဈေးရပါတယ်။ သို့ရာတွင် အပြည့်အဝ မရရှိပါ။ သတ္တုပြန်ရနှုန်း (Recovery) (၈၀)ရာခိုင်နှုန်း၊ (၇၀)ရာခိုင်နှုန်းဖြင့် တွက်ချက်ပြီး ရောင်းချရခြင်း ဖြစ်ပါတယ်။ ဝယ်သူက အရည်ကြိုသန့်စင်တဲ့အခါ အသားတင်ပြန်ရမယ့် (၇၀)ရာခိုင်နှုန်း သို့မဟုတ် (၈၀) ရာခိုင်နှုန်း အတွက်သာလျှင် ငွေပေးချေခြင်းဖြစ်ပါတယ်။ သတ္တုစင် (၁၀၀)ရာနှုန်း၏ သတ်မှတ်တဲ့ ဈေးကို London Metal Exchange မှ Internet ပေါ်တွင် နေ့စဉ်ဈေးနှုန်းထုတ်ပြန်လျက် ရှိပါတယ်။

မိမိတို့နိုင်ငံတွင် ထွက်ရှိလာသော သတ္တုအရိုင်းကို သတ္တုအမျိုးအစား အလိုက် သန့်စင်တဲ့ နည်းစဥ်တို့ဖြင့် ဆင့်တက်ပြုပြင် သန့်စင်တဲ့ လုပ်ငန်းများ ရှိနေပြီးဖြစ်ပါတယ်။ ဥပမာ- မဂ္ဂနီးစ် ကို သန့်စင်ခြင်း၊ ခနောက်စိမ်းကို သန့်စင်ခြင်းဟာ နည်းစဥ်မတူညီကြပါ။ သတ္တုများ သန့်စင်တဲ့ အခါ ၎င်းတို့နှင့် စုပေါင်း ဖွဲ့စည်းပါရှိသော အခြားပူးတွဲပါ Associated သတ္တုများကိုလည်း ထုတ်ယူ၍ ရပါတယ်။

သတ္တုများ ဆင့်တက်ပြုပြင်ရာတွင် မီးဖုတ်တဲ့ နည်းစဥ်နှင့် အရည်ကျိုတဲ့နည်းစဥ် ဆိုပြီးတော့ ရှိပါတယ်။ လျှပ်စီးခြင်း၊ လျှပ်ကူးခြင်းဖြင့် သန့်စင်တဲ့၊ ခွဲထုတ်ယူတဲ့ နည်းစဥ်များလည်း ရှိပါတယ်။ ရွှေ၊ ငွေ၊ ကြေး သတ္တုစင်တို့ကို လျှပ်ကူးခြင်းဖြင့် ခွဲယူရနိုင်ပါတယ်။ ဥပမာ ခနောက်စိမ်းသတ္တုကို မိမိတို့ နိုင်ငံတွင် မီးဖုတ်ခြင်း၊ အရည်ကျိုခြင်းဖြင့် သန့်စင်ရောင်းချလိုက်သော် ၎င်းသတ္တုတွင် လျှပ်စီးခြင်း၊ လျှပ်ကူးခြင်းဖြင့် သန့်စင်ထုတ်ယူနိုင်တဲ့ ရွှေ၊ ငွေ၊ ကြေး၊ ခဲတို့ ပါဝင်သွားခဲ့ပါတယ်။ ဆင့်တက်ပြုပြင်တဲ့ နည်းပညာ ပြည့်စုံကောင်းမွန်လျှင် ရွှေ၊ ငွေ၊ ကြေး၊ ခဲတို့ကိုလည်း မိမိတို့ အကျိုးခံစားရမှာဖြစ်ပါတယ်။ ယခု နိုင်ငံခြားမှ ခနောက်စိမ်း အဖြစ် ဝယ်ယူသော်လည်း ရွှေ၊ ငွေ၊ ကြေးတို့ကို ထပ်မံခွဲထုတ် အကျိုးအမြတ် ရယူလျက်ရှိပါတယ်။ သတ္တုများ ဆင့်တက်ပြုပြင်သန့်စင်ခြင်းတွင် (၁) မီးအသုံးပြု၍ သန့်စင်သော သတ္တုဗေဒ၊ (၂) ရေအသုံးပြု၍ သန့်စင်သော သတ္တုဗေဒ၊ (၃) လျှပ်စစ်ကူးခြင်းဖြင့် သန့်စင်သော သတ္တုဗေဒ၊ ဟူ၍ နည်းစဥ်(၃)မျိုးရှိရာ လျှပ်ကူးခြင်းကို ဖြည့်စွက်မှသာ ပြီးပြည့်စုံမယ်။ ၎င်းအပြင် သတ္တုများ သန့်စင်ပြီး အတုံး၊ အခဲ၊ အချောင်းများအဖြစ် ပုံသွင်းပြီး ဈေးကွက်သို့ တင်ပို့ကြသဖြင့် ပုံသွင်းခြင်းကိုလည်း ပါဝင်မှ ပြည့်စုံမှာ ဖြစ်ပါတယ်။

သို့ပါ၍ ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းတွင် ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ၊ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်းနဲ့ ပုံသွင်းခြင်း လုပ်ငန်းစဥ်များလည်း ပါဝင်ပါတယ်။ အခု အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်သည် ဓာတ်သတ္တုကို အရည်အသွေးအရ

ဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုလိုပါတယ်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်းလုပ်ငန်းစဉ်များလည်း ပါဝင်သည်ဟု အတည်ပြုထားပြီး ၎င်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် လှုပ်ကူးခြင်းနဲ့ ပုံသွင်းခြင်းကို ချန်လှပ်ထားပါတယ်။

သို့ပါ၍ ခေတ်နဲ့လျော်ညီပြီး နည်းပညာအဆင့်အတန်းတိုးတက်သည်နှင့်အမျှ နိုင်ငံတော်အတွက်ပိုမိုအကျိုးကျေးဇူး ရရှိစေမည့် ဓာတ်သတ္တုဆင့်တက် ပြုပြင်ခြင်းများကို လုပ်ကိုင်လာနိုင်မည်ဖြစ်ခြင်း၊ ထိုသို့ပြီးပြည့်စုံအောင် သန့်စင်ထုတ်လုပ်ရန်၊ ဆင့်တက်ပြုပြင်ထုတ်လုပ်ရန်ကိုလည်း အားပေးရမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်မှ အတည်ပြုထားသော ဓာတ်သတ္တုဆင့်ထက် ပြုပြင်ခြင်းအနက်အဓိပ္ပာယ်ဖွင့်ဆိုချက် ပုဒ်မ ၂(ဎ)ကို ဆက်လက်အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၀။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်ပညာရှင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကာယစိတ္တ၊ သုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းမှာ ပါရှိတဲ့ ပုဒ်မ ၆၊ ပုဒ်မ ၆-က၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ) ပုဒ်မ ၃၇-က တို့နဲ့စပ်လျဉ်းတဲ့ အမျိုးသားလွှတ်တော်က မူလဆွေးနွေးအတည်ပြုထားတဲ့အတိုင်း ဆက်လက် အတည်ပြုပေးဖို့အတွက် ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့က နိုင်ငံတော်အနေနဲ့ ပြုပြင်ပြောင်းလဲလာတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ နိုင်ငံတော်ကြီးကို ပြန်လည်တည်ဆောက်တဲ့နေရာမှာ အကြီးစားလုပ်ငန်းရှင်တွေကို ကျွန်တော်တို့ ဥပဒေနဲ့အညီ ခွင့်ပြုပေးရမှာ ဖြစ်သလို၊ အားပေးအားမြှောက်ပြုရမှာဖြစ်သလို နိုင်ငံတော်ရဲ့ (၇၀)ရာခိုင်နှုန်းသော အခြေခံလူတန်းစားတွေကို အကျိုးပြုမယ့် အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေကိုလည်း ဥပဒေနဲ့အညီကျွန်တော်တို့ လက်တွဲဖော်ဆောင်ပြီး အခွင့်အရေးတွေ ဖွင့်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ သတ္တုလုပ်ငန်းနဲ့ ပတ်သက်ပြီး အသေးစား လက်လုပ်လက်စား ထုတ်လုပ်မယ့်ပုဂ္ဂိုလ်များအတွက် ပြဋ္ဌာန်းပေးတဲ့ ပုဒ်မ ၆၊ ပုဒ်မ ၆-က၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၂ ၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၃၇-က တို့ဟာ သတ္တုလုပ်ငန်းနဲ့ပတ်သက်ပြီး တစ်ဆက်တစ်စပ်တည်း ဖြစ်တဲ့ဥပဒေပုဒ်မတွေဖြစ်တဲ့အတွက် သူတို့ကို အားလုံးခြုံငုံပြီး ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ပုဒ်မ ၆ မှာ လက်လုပ်လက်စား အသေးစား သတ္တုလုပ်ငန်း လုပ်ကိုင်လိုတဲ့ လုပ်ငန်းရှင်တို့ဟာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတို့မှာ ဖွဲ့စည်းထားတဲ့ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကို လျှောက်ထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့

အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ အတိုင်းဆိုရင် ကျွန်တော်တို့ အသေးစား လက်လုပ်လက်စား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းတို့ကို နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက ခွင့်ပြုမိန့် ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးတို့က ဖွဲ့စည်းထားတဲ့ လုပ်ကွက် စိစစ်ချထားရေးအဖွဲ့ကို သတ်မှတ်ချက်နဲ့အညီ လျှောက်ရမယ်လို့ ဖော်ပြ ပါရှိပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်းဆိုရင်တော့ ကျွန်တော်တို့ လက်လုပ်လက်စားလုပ်ငန်းအတွက်သာ ခွင့်ပြုထားပြီးတော့ အသေးစားလုပ်ငန်းတွေကို ခွင့်ပြုထားခြင်းမရှိပါဘူး။ ဒါ့အပြင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတို့မှာရှိတဲ့ အရာရှိထံမှာသာ လျှောက်ရမယ်လို့ ဖော်ပြပါရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ လေ့လာကြည့်မယ်ဆိုရင် ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်း ဆိုရင် ကျွန်တော်တို့ လက်လုပ်လက်စားအတွက်သာ ခွင့်ပြုပြီး အသေးစားလုပ်ငန်းရှင်များအတွက် အခွင့်အရေးပေးထားတာ မရှိတဲ့အပြင် လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ရာမှာ ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနမှာ တာဝန်ပေးအပ်ထားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိအရာရှိထံမှာ လျှောက်ထားရတဲ့အတွက် လုပ်ကွက်စိစစ်ချမှတ်ရာမှာ တစ်ဦးတစ်ယောက်ရဲ့ သဘောထားသာဖြစ်တဲ့အတွက် အားနည်းချက်များရှိနိုင်ပြီး မလိုလားအပ်တဲ့ ကိစ္စများပေါ်ပေါက်လာနိုင်ခြင်းအပြင် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့်တင်ပြပြီးတော့ အဆင့်ဆင့်ပြန်လည်ချမှတ်ပေးရတဲ့အတွက် လုပ်ငန်းကြန့်ကြာနေမှာဖြစ်တဲ့အပြင် လုပ်ငန်းလုပ်ကိုင်ခွင့်ချမှတ်ပေးတဲ့ အရာရှိဟာ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရတဲ့အတွက် အချိန်နှင့်တစ်ပြေးညီ တစ်နေရာတည်းမှာ ဆုံးဖြတ်ချက်ချပြီး လုပ်ကိုင်ခွင့်ကို မချပေးနိုင်တဲ့ အားနည်းချက်တွေကို ကျွန်တော်တို့ ရှာဖွေ တွေ့ရှိရပါတယ်။

နောက် အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့အတိုင်းဆိုရင်တော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဆင့်မှာလည်း လက်လုပ်လက်စားလုပ်ငန်းအပြင် အသေးစားလုပ်ငန်းကိုပါ ခွင့်ပြုမိန့်ရယူနိုင်တဲ့ အကျိုးကျေးဇူးကိုပါ ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင်လည်း လက်လုပ်လက်စား လုပ်ငန်းရှင်များဟာ သတ္တုလုပ်ငန်းလုပ်ကိုင်လိုလျှင် တိုင်းဒေသကြီး နဲ့ ပြည်နယ်ရှိ လုပ်ကွက်စိစစ်ရေး ချထားရေးအဖွဲ့မှ လုပ်ပိုင်ခွင့်လျှောက်ထားရခြင်းကြောင့် အချိန်ကုန်သက်သာခြင်း၊ ခရီးစရိတ် သက်သာခြင်းအပြင် လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ရတဲ့နေရာမှာ အဆင့်မများတဲ့အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ကို အချိန်နှင့် တစ်ပြေးညီ ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင်လည်း အခြေခံလူတန်းစားများဟာ ဒီလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်တဲ့နေရာမှာ လွယ်ကူချောမွေ့တဲ့အတွက် များစွာပဲ ပါဝင်လုပ်ကိုင်နိုင်မှာဖြစ်တဲ့အပြင် ကျွန်တော်တို့လုပ်ငန်းအမျိုးအစားအလိုက်၊ ကဏ္ဍအလိုက် ဥပဒေနဲ့အညီ လွတ်လပ်စွာ ရွေးချယ် လုပ်ကိုင်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့အတိုင်းပဲ ဒီပုဒ်မ ၆ ကို ဆက်လက်အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပုဒ်မ ၆-က ကို ဆွေးနွေးတင်ပြရမယ်ဆိုရင် ဒီဥပဒေပုဒ်မဟာ ဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ရေးချထားရေးအဖွဲ့များကို အောက်ပါအတိုင်းဖွဲ့စည်းရမယ်လို့ ဖော်ပြထားပါတယ်။ ဒီဥပဒေပုဒ်မဟာ သေချာဆန်းစစ်ကြည့်မယ် ဆိုရင် ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား-၂ နဲ့ ဖွဲ့စည်းဆောင်ရွက်ထားတဲ့၊ ပြဋ္ဌာန်းထားတဲ့

ဥပဒေပုဒ်မ မဟုတ်ဘဲနဲ့ ပုဒ်မ ၁၈၈ အနေနဲ့ ဆောင်ရွက်ထားခြင်းလည်းမဟုတ်ပါဘူး။ တကယ်တမ်း သုံးသပ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၂၅၉ အရ ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား-၂ မှာဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတို့ရဲ့ ဥပဒေပြုခွင့်ကို ဖော်ပြထားတာဖြစ်ပါတယ်။ ပုဒ်မ ၁၈၈ မှာလည်း အလားတူပဲဖော်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဖွဲ့ဟာ ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်မှာရှိတဲ့ လွှတ်တော်ကနေ ဥပဒေပြုပေးတဲ့ ဥပဒေအရ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းမဟုတ်ပါဘူး။ ကျွန်တော်တို့ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်မယ့် ဒီဥပဒေအရ ဖွဲ့စည်းမယ့် ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ သွားပြီးဖွဲ့စည်းပေးမယ့် အဖွဲ့အစည်း ဖြစ်တဲ့ အတွက် ပါဝင်မယ့်အဖွဲ့အစည်းကတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သတ္တုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် ပါဝင်တာဝန်ယူ ဆောင်ရွက်မှာဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီး ကိုယ်စားလှယ်တစ်ဦးက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦးကလည်း အဖွဲ့ဝင်အဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် သတ္တုလုပ်ငန်းနဲ့ တိုက်ဆိုင်မယ့်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦးကလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါ့အပြင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးကလည်း အဖွဲ့ဝင်အဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ ပြည်ထောင်စုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်မှာဖြစ်တဲ့အတွက် ဒီအဖွဲ့ဟာ ကျွန်တော်တို့လုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ ထိရောက်လျှင်မြန်၊ မြန်ဆန်ပြီးတော့ သတ္တုလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာန အားလုံးမှပါဝင်တဲ့ ကိုယ်စားလှယ်များပါဝင်ပြီး ဖွဲ့စည်းထားတဲ့ အလုပ် ဖြစ်တဲ့အတွက် သတ္တုလုပ်ငန်းနဲ့ပတ်သက်ပြီး လျှောက်ရာမှာ တစ်နေရာတည်း၊ တစ်ထိုင်တည်းမှာ တိုင်ပင်ပြီးတော့ ဆုံးဖြတ်ချက်ချပေးနိုင်မှာ ဖြစ်တဲ့အတွက် ဒီအဖွဲ့အစည်းကြီးကို ဖွဲ့ပြီးတော့ ဆောင်ရွက်ရ ခြင်း ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဒီအဖွဲ့အစည်းကြီး ဖွဲ့စည်းပြီးမှ ဆောင်ရွက်မယ်ဆိုရင် ရရှိမယ့်အကျိုးကျေးဇူးကတော့ တိုင်းဒေသကြီး/ပြည်နယ်နဲ့ ပြည်နယ်များမှ သတ္တုရေးရာဝန်ကြီးများဟာ မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အပြင် အဆိုပါ သတ္တုလုပ်ငန်း နှင့် ပတ်သက်တဲ့အခွန်အခများကိုလည်း ကြပ်မတ်ဆောင်ရွက်ကောက်ခံနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင်လည်း သတ္တုလုပ်ငန်းများ လုပ်ကွက်များ ချထားပေးရာမှာ နိုင်ငံတော်စီမံကိန်းများနဲ့ လုပ်ပေးမှု ရှိ/မရှိ စိစစ်နိုင်မယ့်အပြင် လုပ်ကွက် ဧရိယာများ စိစစ်သတ်မှတ်ပေးတဲ့အခါမှာလည်း သတ္တုလုပ်ငန်းများမှ စွန့်ပစ်တဲ့ပစ္စည်းများကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ရှိ/မရှိ၊ လူမှုဝန်းကျင်ထိခိုက်ပျက်စီးမှု ရှိ/မရှိနဲ့ ကျန်းမာရေး ဝန်းကျင် ထိခိုက်ပျက်စီးခြင်း ရှိ/မရှိ စတဲ့လုပ်ငန်းများကို မြေပြင်ကွင်းဆင်းပြီးတော့ အနီးကပ် စီမံ ဆောင်ရွက်နိုင်မှာဖြစ်တဲ့ အကျိုးကျေးဇူးများ ရရှိနိုင်မှာဖြစ်တဲ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ဟာ သတ္တုလုပ်ငန်းနဲ့သက်ဆိုင်တဲ့ ဌာနပေါင်းစုံကနေ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်တဲ့အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ချပေးတဲ့နေရာမှာ တစ်နေရာတည်းဆုံးဖြတ်ချက် ပေးနိုင်ပြီးတော့ လုပ်ငန်းလွယ်ကူမြန်ဆန်မှာဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြု

ထားတဲ့အတိုင်းပဲ ဆက်လက်အတည်ပြုပေးနိုင်ပါရန် ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ပုဒ်မ ၁၀ ကို ဆက်လက်တင်ပြရမယ်ဆိုရင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ဟာ နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက သတ္တုစက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ စပ်လျဉ်း၍ ရှာဖွေခြင်း၊ တိုင်းတာစမ်းသပ်ခြင်း၊ ပြီးမြောက်နိုင်စွမ်းလေ့လာခြင်း၊ သတ္တုထုတ်လုပ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၆ အရ လျှောက်ထားခြင်းကို စိစစ်ပြီး ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေနဲ့အညီ ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်တယ်လို့ ဖော်ပြပါရှိ ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်းဆိုရင် ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသီးသီးရှိ အရာရှိထံမှာသာ လျှောက်ထားရမည်ဖြစ်ပြီး အရာရှိကနေပြီးတော့ စိစစ်ပြီးချထားပေးရမှာ ဖြစ်ပါတယ်။ ခုနက အထက်ကကျွန်တော်တင်ပြသလိုပဲ အဖွဲ့နဲ့တစ်ယောက်ချင်း စိစစ်သုံးသပ်ပြီး ချမှတ်ပေးတဲ့နေရာမှာ ဘယ်ဟာကအားသာချက်၊ ဘယ်ဟာကအားနည်းချက် ရှိတယ်ဆိုတာ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း သိရှိနိုင်ပါတယ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ဟာ သတ္တုလုပ်ငန်းနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာနအသီးသီးက ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်တဲ့အတွက် ဒီသတ္တုလုပ်ငန်းနဲ့ ပတ်သက်ပြီး အသေးစားလက်လုပ်လက်စားကို ချမှတ်ပေးတဲ့နေရာမှာ လျင်မြန်စွာသုံးသပ် ဆုံးဖြတ်နိုင်မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီဥပဒေပုဒ်မ ၁၀ ကိုလည်း အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ အတိုင်းပဲ ဆက်လက်အတည်ပြုပေးနိုင်ပါရန် ကျွန်တော့်အနေနဲ့ထောက်ခံ တင်ပြဆွေးနွေး တင်ပြလို ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးကျွန်တော့်အနေနဲ့ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ) ကို ဆွေးနွေးတင်ပြရ မယ်ဆိုရင် အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ထိုက်သင့်သော ဓာတ်သတ္တုခွန်နဲ့အခြားအခကြေးငွေများကို ပုဒ်မခွဲ(စ)နဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားရေးအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ ပေးသွင်း ရမည်လို့ ဖော်ပြပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်လုပ်လက်စားနဲ့ အသေးစား သတ္တုလုပ်ငန်းလုပ်ကိုင်တဲ့ လုပ်ငန်းရှင်တွေ အတွက် နိုင်ငံတော်ကိုပေးသွင်းရမယ့် အကောက်ခွန် သို့မဟုတ် အခွန်အခ နဲ့ အခြားအခကြေးငွေများကို ကျွန်တော်တို့စိစစ်ကောက်ခံဖို့အတွက် ဒီသက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကနေပြီးတော့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနကို ပြန်လည်ကောက်ခံပေးသွင်းရမယ့် ပုဒ်မဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကတော့ ဒီဥပဒေပုဒ်မကို ပယ်ဖျက်ထားပါတယ်။ ဒါကြောင့်မို့ ဥပဒေတစ်ခုဟာ လုပ်ခွင့်၊ လုပ်မိန့် ချမှတ်ပေးတဲ့ဥပဒေပုဒ်မ ရှိသလို ပြန်လည်ပြီးတော့ အခွန်အခတွေကောက်ခံဖို့အတွက် ဥပဒေပုဒ်မ တွေလည်း ပြဋ္ဌာန်းပေးရမှာ ဖြစ်တဲ့အတွက် ဒီဥပဒေပုဒ်မကိုလည်း အမျိုးသားလွှတ်တော်က အတည်ပြု

ပြဋ္ဌာန်းတဲ့အတိုင်းပဲ ဆက်လက်အတည်ပြုပေးနိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံ ဆွေးနွေး တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ ဥပဒေ ပုဒ်မ၊ ဥပဒေကြမ်းပုဒ်မ ၃၇-က ကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ရဲ့ ရုံးလုပ်ငန်းနဲ့ကုန်ကျစရိတ်အတွက် တာဝန်ယူ ဆောင်ရွက်ပေးမည်လို့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူ့လွှတ်တော်ကတော့ ဒီဥပဒေပုဒ်မကို ပယ်ဖျက်ထားတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီဟာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ကော်မရှင်တို့မှ ပညာရှင်များနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီး နိုင်ငံတော်ရဲ့ (၇၀)ရာခိုင်နှုန်းသော အခြေခံလူတန်းစားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့သတ္တုနှင့်သယံဇာတလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီးတော့ နိုင်ငံတော်ရဲ့ပြုပြင်ပြောင်းလဲထားတဲ့ဈေးကွက်စီးပွားရေးစနစ်နဲ့ အညီကိုက်ညီမှုရှိစေဖို့အတွက် စီးပွားရေး ဆန်ဆန်ဆောင်ရွက်နေကြတဲ့ ဝန်ကြီးဌာနများနဲ့ လိုက်လျောညီထွေမှုရှိစေရန် ဤဥပဒေပုဒ်မကို ပြင်ဆင် ရေးဆွဲပြဋ္ဌာန်းခြင်း ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။

ဝန်ကြီးဌာနဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ရေး ချထားပေးရေးအဖွဲ့ကို လုပ်ကွက်များစိစစ်ချထားပေးခြင်း၊ အခွန်အခကောက်ခံခြင်း စတဲ့လုပ်ငန်းတာဝန် များကို ဆောင်ရွက်စေရန်အတွက် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ရဲ့ ရုံးလုပ်ငန်းနဲ့ကုန်ကျစရိတ်များကို တာဝန်ယူ ကျခံပေးရမှာ ဖြစ်ပါတယ်။ တစ်ဖက်က တာဝန်ပေးအပ်သလို တစ်ဖက်က တာဝန်ယူပေးတဲ့ စနစ်လည်း ဖြစ်ပါတယ်။ ဒီနေရာမှာကျွန်တော့်အနေနဲ့ ဥပမာတစ်ခုအနေနဲ့ တင်ပြချင်ပါတယ်။ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၂၁/၂၀၁၃ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၃၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃/၂၀၁၃၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအမှတ် ၇၁၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈/၂၀၁၃၊ ဓာတုပစ္စည်းများနဲ့ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၄၁ နဲ့ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေပုဒ်မ ၃၃ တို့မှာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ဖွဲ့စည်းတာဝန်ပေးအပ် ထားတဲ့ ကော်မတီလုပ်ငန်းအဖွဲ့များ၊ စုံစမ်းရေးအဖွဲ့များရဲ့ရုံးသုံးစရိတ်များကို ပြည်ထောင်စု အစိုးရ အဖွဲ့သို့မဟုတ် ဝန်ကြီးဌာနအသီးသီးကသာ ကျခံထားတာဖြစ်ပါတယ်။

သို့ပါသောကြောင့် ယခုမြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၇ ကိုလည်း သတ္တုတွင်းဝန်ကြီးဌာန အနေဖြင့် မိမိတို့ ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက် စိစစ်ချထားရေးအဖွဲ့ လုပ်ငန်းသုံး အထွေထွေကုန်ကျစရိတ်ကို တာဝန်ယူနိုင်ဖို့အတွက် ရေးဆွဲပြဋ္ဌာန်းရခြင်း ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့နားလည်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်က အတည်ပြုထားပြီးတဲ့ အတိုင်းပဲ ဆက်လက်အတည်ပြုနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၄၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၄။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၄-က အတိုင်း ဆက်လက်အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ဥပဒေပုဒ်မ ၄-က ကတော့ သတ္တုစက်မှုတွင်းထွက် ကုန်ကြမ်းကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းလုပ်ငန်းတို့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိလျှင် တစ်နည်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူနှင့် ပူးပေါင်းလုပ်ကိုင်လျှင် ဤပုဒ်မ ၄-က အရ ဝန်ကြီးဌာနကို လုပ်ပိုင်ခွင့်လျှောက်ထားရန် ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါရှိခြင်းကြောင့် ပုဒ်မ ၄-က အရ ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ဝန်ကြီးဌာနသည်အစိုးရအဖွဲ့ရဲ့သဘောတူညီချက်ရယူပြီး ပုဒ်မ ၇-က အရ ခွင့်ပြုမိန့်ချထားပေးရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော ပုဒ်မ ၄-က မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကျောက်တို့နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းတို့ကိုပါ ဝန်ကြီးဌာနသို့ လျှောက်ထားရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပုဒ်မ ၇-က အရ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူအတည်ပြုထားပါတယ်။ အမျိုးသားလွှတ်တော်ကအတည်ပြုထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါရှိသော အလတ်စားနှင့် အသေးစားလုပ်ငန်းများကို ချန်လှပ်ထားခဲ့ပါတယ်။ အခြားမည်သည့် ဥပဒေပုဒ်မများမှာလည်း မပါရှိပါ။ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်အရဆိုပါက နိုင်ငံတော်အစိုးရကိုယ်တိုင်ဖြစ်စေ၊ နိုင်ငံသားကုမ္ပဏီကဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် အလတ်စားနှင့် အသေးစားဓာတ်သတ္တုလုပ်ငန်းများကို လုပ်ကိုင်ခွင့်မရနိုင်သည်ကို တွေ့ရမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄ အရ ဓာတ်သတ္တုအသေးစားနှင့် အလတ်စားထုတ်လုပ်မှုလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်မပြုသောကြောင့် မထည့်ပါဟု အကြောင်းပြရန်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိတဲ့ အလတ်စားနှင့် အသေးစားလုပ်ငန်းများ ပြဋ္ဌာန်းပါရှိရခြင်းမှာ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၆၊ ရင်းနှီးမြှုပ်နှံသူ၏အခွင့်အရေးပြဋ္ဌာန်းချက်မှာ သက်ဆိုင်သည့်အပိုင်းများကို ကောက်နုတ်တင်ပြပါမယ်။ (က) နိုင်ငံခြားမှ ကျွမ်းကျင်သူပညာရှင်များ ခေါ်ယူခန့်ထားပိုင်ခွင့်ရှိခြင်း။ (င) မိမိ၏အစုရှယ်ယာအချို့ကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း နိုင်ငံခြားသား တစ်ဦးဦး

သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ တစ်ခုခုသို့ လွှဲပြောင်းရောင်းချမည်ဆိုပါက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့်ရှိခြင်း။ (စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားကုမ္ပဏီတစ်ခုခုနှင့် ဖက်စပ်လုပ်ငန်းတည်ထောင်လုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်း ပါရှိတဲ့အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများသည် နိုင်ငံခြားနှင့် အရင်းအနှီးပူးပေါင်းနိုင်ပါတယ်။ နိုင်ငံတော်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပဉ္စမကာလတို(၅)နှစ်၊ အမျိုးသားစီမံကိန်းတွင် အခန်း(၅) သတ္တုတွင်းထွက်ပစ္စည်းများ ကဏ္ဍ၌ သတ္တုမူဝါဒများ၊ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ထားရာတွင် ဈေးကွက်စီးပွားရေးအရ ပြည်တွင်း/ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် လုပ်ငန်းစဉ် ချမှတ် ထားပါတယ်။

၂၀၁၂ ခုနှစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၄ မှာ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများ သတ်မှတ်ထားသည်ကို ပုဒ်မ ၅ ၌ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသား၊ အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွား အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ခွင့်ပြုနိုင်သည်ဟု ဖွင့်ပြထားပါတယ်။ MIC မှ ၁၂-၈-၂၀၁၄ တွင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများနဲ့ ပတ်သက်ပြီး နောက်ဆုံးထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄ တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ခွင့်မပြုသည့် လုပ်ငန်းများ ဇယား၌ သတ္တုအသေးစားနှင့် အလတ်စားထုတ်လုပ်ခြင်းလုပ်ငန်းဟု ပါရှိပါတယ်။ ဆိုလိုတာက ဓာတ်သတ္တုအသေးစားနှင့် အလတ်စား ထုတ်လုပ်မှုကို နိုင်ငံခြားသားများ (၁၀၀)ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံ လုပ်ကိုင်တဲ့ နိုင်ငံခြားသားများရဲ့ စီးပွားရေးလုပ်ငန်းသက်သက် မဖြစ်စေရန် ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ အပိုဒ် ၂၀ တွင် နိုင်ငံခြားသားသည် တားမြစ် သည့် လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြား မတည်ငွေရင်းအချိုးသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု (၈၀)ရာခိုင်နှုန်းထက် မကျော်လွန်စေရ။ ဤသတ်မှတ်ချက်ကို ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်ဟူ၍ ပါရှိသည့်အတွက် နိုင်ငံခြားသားများသည် တားမြစ်သည့် လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့်လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ရှိကြောင်း၊ ဖက်စပ်လုပ်ကိုင်လျှင် နိုင်ငံခြားမတည်ငွေရင်းအချိုးသည် စုစုပေါင်း(၈၀) ရာခိုင်နှုန်းထက် မကျော်လွန်ရ ကြောင်း ပြဋ္ဌာန်းထားခြင်းသည် နိုင်ငံခြားသားများအား လုပ်ကိုင်ရန် ခွင့်မပြုသော လုပ်ငန်းကို နိုင်ငံသားနှင့် (၈၀)ရာခိုင်နှုန်းအချိုး၊ (၂၀)ရာခိုင်နှုန်း ဖက်စပ် လုပ်ကိုင်နိုင်ခြင်းကို အတိအလင်း ပြဋ္ဌာန်းခြင်း ဖြစ်ပါတယ်။ နိုင်ငံခြားသားများကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု (၁၀၀)ရာခိုင်နှုန်းဖြင့် ခွင့်မပြုခြင်းသာ ဖြစ်ပြီး၊ နိုင်ငံသားနှင့် ပူးပေါင်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါဝင်သော ဖက်စပ်လုပ်ငန်းများကိုမူ MIC ကလည်းကောင်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေကလည်းကောင်း၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ဥပဒေကလည်းကောင်း၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကလည်းကောင်း ခွင့်ပြုထားကြောင်း တွေ့မြင်နိုင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိအနေအထားကို ကြည့်လျှင် သတ္တုအသေးစားလုပ်ငန်းလုပ်ကိုင်နေသူများမှာ (၈၀)ရာခိုင်နှုန်းခန့် ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားများစွာ လုပ်ကိုင်နေတဲ့ သတ္တုအလတ်စားနှင့် အသေးစား ထုတ်လုပ်မှုလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံသားက ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်အတည်ပြုထားသော ပုဒ်မ ၄-က အရ ဆိုပါက လျှောက်ထားရန် နေရာနှင့် ခွင့်ပြုမိန့်ချထားပေးမည့် နေရာတို့မပါရှိဘဲ လစ်ဟာနေမည် ဖြစ်တဲ့အတွက် အဆိုပါလုပ်ငန်း လုပ်ကိုင်ခွင့် ဆုံးရှုံးနစ်နာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ သတ္တုမူဝါဒ၊ ရည်မှန်းချက်နှင့် ရှေ့လုပ်ငန်းစဉ်တို့ကို အကောင်အထည်ဖော်နိုင်မည် မဟုတ်ပါ။ ဒါ့အပြင် ၂၀၁၂ ခုနှစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ၂၀၁၃ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေတို့နှင့်လည်း ဆန့်ကျင်နေမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံ ထူထောင်နိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာစေရန်၊ ရှိရင်းစွဲရင်းနှီးမြှုပ်နှံမှု ဥပဒေများကို ပြင်ဆင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်သော၊ ဆွဲဆောင်နိုင်သော ဥပဒေများဖြစ်အောင် ပြင်ဆင်ရေးဆွဲထားသည်ကိုလည်းကောင်း၊ သတင်းစာများ၌ပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ထားသည်ကိုလည်းကောင်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ယင်းရည်ရွယ်ချက်များမှာ နိုင်ငံသားများ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရရှိစေရန် ရည်ရွယ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသည့် ဖက်စပ်လုပ်ငန်း များ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူ့လွှတ်တော်မှ ပြင်ဆင် အတည် ပြုသည့် ပုဒ်မ ၄-က သည် မပြည့်စုံခြင်းနှင့် အထက်တင်ပြပါအတိုင်း မြန်မာနိုင်ငံ၏ တည်ဆဲရင်းနှီးမြှုပ်နှံ မှု ဥပဒေများနှင့်လည်း ဆန့်ကျင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ကော်မရှင် MIC ၏ အမိန့်ကြော်ငြာစာသည် ဓာတ်သတ္တု အလတ်စားနှင့် အသေးစားထုတ်လုပ်ခြင်းကို သာ နိုင်ငံခြားသားအား ခွင့်မပြုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်သတ္တုအလတ်စားနှင့် အသေးစားကဏ္ဍသည် သတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း တစ်မျိုးတည်းမဟုတ်ပါ။ ဓာတ်သတ္တု ရှာဖွေခြင်း၊ ဓာတ်သတ္တု စမ်းသပ် တိုင်းတာခြင်း၊ ဓာတ်သတ္တု ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်း၊ ဓာတ် သတ္တု ရောင်းဝယ်ခြင်းနှင့် ရောင်းခြင်းနှင့် ဝယ်ခြင်းလုပ်ငန်းများကိုလည်း ရှိသေးရာ အဆိုပါ လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို MIC ကလည်း အမိန့်ကြော်ငြာစာဖြင့် ထိန်းချုပ်ကန့်သတ် ထားခြင်း မရှိပါ။ အဲဒီလို နိုင်ငံတော်က ဥပဒေအရလည်းကောင်း၊ နည်းဥပဒေအရ လည်းကောင်း၊ အမိန့် ကြော်ငြာစာဖြင့်လည်းကောင်း ထိန်းချုပ်ကန့်သတ်ပိတ်ပင်ထားခြင်း မရှိတဲ့ လုပ်ငန်းများကိုပါ လုပ်ကိုင် ခွင့်မရအောင်၊ ရင်းနှီးမြှုပ်နှံမှု မပြုနိုင်အောင် လိုအပ်ချက်များရှိနေတဲ့ ပြည်သူ့လွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်ကို နှိုင်းယှဉ်ဆုံးဖြတ်နိုင်ရန် တင်ပြခြင်း ဖြစ်ပါကြောင်းနှင့် အမျိုးသားလွှတ်တော်မှ အတည် ပြုထားသည့် ပုဒ်မ ၄-က အတိုင်းကိုသာ ဆက်လက်အတည်ပြုပေးပါရန် လေးလေးနက်နက် ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၅၅)နာရီအချိန်တွင် ရပ်နားပြီး (၁၃း၀၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်းခွင့် (၄၀) ဦး ရှိပါတယ်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အစည်းအဝေး။ ဦးပိုးရယ်အောင်သိန်း၊ ကယား(၈)၊ ၎င်းအတိုင်း။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ၎င်းအတိုင်း။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဂမ်ဆိုင်း၊ ကချင် (၂)၊ ၎င်းအတိုင်း။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ၎င်းအတိုင်း။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ၎င်းအတိုင်း။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကျန်းမာရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကျန်းမာရေး။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခေါ်)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ တောင်သူလယ်သမားနှင့် အလုပ်သမား အကျိုးစီးပွားမြှင့်တင်ရေး ကော်မတီအစည်းအဝေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ၎င်းအတိုင်း။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ၎င်းအတိုင်း။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ၎င်းအတိုင်း။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးဝင်းသိန်း၊ တပ်မတော်၊ ၎င်းအတိုင်း။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ၎င်းအတိုင်း။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ပြည်သူ့ငွေစာရင်းကော်မတီ အစည်းအဝေး။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ၎င်းအတိုင်း။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ၎င်းအတိုင်း။ ဦးနု၊ ရန်ကုန်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ၎င်းအတိုင်း။ ဦးစိုင်းစံကျောက်ဆမ်၊ ရှမ်း(၆)၊ ၎င်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီ (၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူး မောင်မောင်ကြီး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ပြည်ပဧည့်သည်နှင့် တွေ့ဆုံရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၅။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် မှ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေမှ ပုဒ်မ ၃၀ ကို ပြင်ဆင်ဖြည့်စွက်ချက်များနဲ့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပုဒ်မ ၃၀ က ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းမှာ ပါဝင်တဲ့ ပုဒ်မ ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်က အတည်ပြုပေးအပ်လိုက်တဲ့ ပုဒ်မ ၃၀ ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနဲ့ ပြန်လည် ပေးပို့လာပါတယ်။ ကျွန်တော်တို့ ဒါ Power point နဲ့ တင်ပြထားတဲ့အပိုင်းရဲ့ လက်ဝဲဘက်အခြမ်းဟာ ဒါ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုချက်များနဲ့ ပေးပို့လာတဲ့အပိုင်း ဖြစ်ပါတယ်။ သူတို့ ထည့်သွင်းတဲ့ ပုဒ်မ ၃၀ ကမှာ ပြည်သူ့လွှတ်တော်က ထည့်သွင်းလာတဲ့ လက်လုပ်လက်စားထုတ်လုပ်ခြင်း ခွင့်ပြုမိန့်ရရှိသူမှအပဆိုတဲ့ ကျွန်တော်တို့ ဒါ Under Line တားထားတဲ့ဟာလေးပါ ပါတယ်။ 'ပ' ဆိုတဲ့ စကားဟာ သာမန်အားဖြင့်ကြည့်မယ်ဆိုရင် လက်လုပ်လက်စားများကို ပြစ်ဒဏ်ကြီးကြီးမားမား မပေးစေ လိုတဲ့ စေတနာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဓာတ်သတ္တုလုပ်ငန်းများကို ခွင့်ပြုမိန့်မရရှိဘဲ လုပ်ကိုင်သူများ အတွက် သတ်မှတ်ထားတဲ့ ထောင်ဒဏ်(၁၀)နှစ်တို့၊ ဒဏ်ငွေကျပ်သိန်း(၅၀)တို့ကို ရှောင်လွှဲပေးထားတာ ဖြစ်ပါတယ်။ လက်လုပ်လက်စားများအတွက်ကိုတော့ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)ဖြင့် ထောင်ဒဏ်(၃)လထက် မပို၊ ငွေဒဏ်ကျပ်(၁)သိန်းဆိုပြီး ပြင်ဆင်ပေးလိုက်ပါတယ်။ ဒါပေမဲ့ ဒီပုဒ်မ ၃၀ ကို ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း ပြဋ္ဌာန်းလိုက်မယ်ဆိုရင်တော့ လက်လုပ်လက်စားများဟာ ပုဒ်မ ၃၀(က)၊ ပုဒ်မခွဲငယ် ၁၊ ၂၊ ၃ မှာပါရှိတဲ့ တားမြစ်ချက်တွေကို ဖောက်ဖျက်ကျူးလွန်ရင် အရေးယူလို့မရဘူးဆိုတဲ့ အဓိပ္ပာယ် ဖြစ် သွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၃၀(က)မှာပါတဲ့ မည်သူမဆိုတဲ့ စကားရပ်တစ်ခု ထပ်ပါ ပါသေးတယ်။ မည်သူ မဆို ဆိုတဲ့ ဒါ ကျွန်တော်တို့ ပုဒ်မ ၃၀ အပေါ်ပိုင်းမှာပါ။ အဲဒီမှာ မည်သူမဆို ဆိုတဲ့ စကားရပ်ကတော့ ဘယ်သူပဲဖြစ်ဖြစ် ခွင့်ပြုမိန့်မရရှိဘဲ ပုဒ်မခွဲငယ် ၁၊ ၂၊ ၃ မှာပါတဲ့ လုပ်ငန်းတွေကို လုပ်ခဲ့ရင် ကြီးလေးတဲ့ ပြစ်ဒဏ်ချမှတ်ဖို့ ပြဋ္ဌာန်းထားတာဖြစ်လို့ ရှေ့မှာပါရှိတဲ့ ဥပဒေပုဒ်မများနဲ့ ရှေ့နောက်ဆီလျော်ဖို့ ပြန်စီစဉ် ရမှာ ဖြစ်ပါတယ်။ ဒီဥပဒေတွေရဲ့ ပုဒ်မ ၁၁(ခ)မှာ ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်သူမှအပ ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းအတွက် ခွင့်ပြုမိန့်ကို လျှောက်ထားရန်မလိုလို့ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းကို ပြည်သူ့လွှတ်တော်ရဲ့ ပုဒ်မခွဲ ၁၊ ၂၊ ၃ တို့အတိုင်းထားရင် ပုဒ်မ ၁၁(ခ)နဲ့ မညီမညွတ်ဖြစ်သွားမှာ ဖြစ်ပါတယ်။ ရှေ့နောက်မညီ ဖြစ်သွား ပါလိမ့်မယ်။

ပြည်သူ့လွှတ်တော်ရဲ့ ပုဒ်မ ၃၀(က) ၃၀(က) ပုဒ်မခွဲ ၁၊ ၂၊ ၃ တို့တွေရဲ့ ပြဋ္ဌာန်းချက်မှာ မည်သူမဆို အရေးယူခံရမှာ ဖြစ်တဲ့အတွက် ရှေ့ကပုဒ်မနဲ့ နောက်က ပုဒ်မ အချိတ်အဆက်လွဲချော်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ပေးပို့ချက်ပါ လက်လုပ်လက်စားများကို ကြီးလေးတဲ့ ပြစ်ဒဏ် မပေးဘဲ သတ္တဝါနဲ့ လက်နက်မျှတအောင် လျှော့ပေါ့တဲ့ ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်ပေးလိုခြင်းကို လည်း သဘောတူလက်ခံပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပေးပို့လာတဲ့ ဥပဒေကြမ်းအပေါ်မှာ ပိုမိုပြည့်စုံကောင်းမွန်တဲ့ Power point ရဲ့ လက်ယာဘက်ခြမ်းမှာရှိတဲ့အတိုင်း ပြင်ဆင်ရေးဆွဲချင်ပါတယ်။ ပုဒ်မ ၃၀(က) မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ထောင်ဒဏ်(၁၀)နှစ်အထိ ဖြစ်စေ၊ ကျပ်သိန်း ငါးဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက် ပြုပြင်ခြင်း။ (၂) စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း။ (၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း။ (၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း။ (၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စားထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်သူမှအပ ဓာတ်သတ္တုထုတ်လုပ်ခြင်း။

ကျွန်တော်တို့ ပုဒ်မ ၃၀(ခ)မှာ လက်လုပ်လက်စားထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ဤ ဥပဒေ အရ ထုတ်ပေးသည့် ခွင့်ပြုမိန့် မရရှိဘဲ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ် တစ်လမှ အများဆုံး (၃)လထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ကျပ်(၁)သိန်းဖြစ်စေ ချမှတ်ရမည်လို့ ဒါကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင် ပေးချင်ပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့က ပြည်သူ့လွှတ်တော်ရဲ့ လိုလားချက်ဖြစ်တဲ့ လက်လုပ် လက်စားအပေါ်မှာ ကြီးလေးတဲ့ ပြစ်ဒဏ်မချဘဲ ဥပဒေနဲ့အညီ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက် လုပ်ကိုင် နိုင်ပြီး ပြည်သူ့လွှတ်တော်က သဘောတူညီပြီးဖြစ်တဲ့ ပုဒ်မ ၁၁(ခ)နဲ့ ဥပဒေရှေ့နောက် အချိတ်အဆက်ပါ ကောင်းမွန်ပြည့်စုံသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင် ဖြည့်စွက်ချက်များနဲ့ လက်ခံအတည်ပြုပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယု ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၀။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ ကျွန်တော့်အနေနဲ့ မြန်မာ့ သတ္တုတွင်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ ပေါ့၊ ပုဒ်မ ၄(က)၊ (ခ)ပေါ့။ (ဂ)၊ (ဃ)ပေါ့။ အဲဒီ့ကနေစပြီးတော့ ဆက်စပ်ပြီးတော့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီ့ ဆွေးနွေးတင်ပြသွားရမယ့် ဥပဒေတွေကတော့ သတ္တုတွင်း လုပ်ငန်းဆောင်ရွက်ရာမှာ ခွင့်ပြုမိန့်လျှောက်ထားခြင်းနဲ့ ခွင့်ပြုမိန့်ထုတ်ပေးခြင်းဆိုတဲ့ အပိုင်းနှစ်ပိုင်း

ဖြစ်ပါတယ်။ ခွင့်ပြုမိန့်လျှောက်ထားခြင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုပြီးတော့ ထားတဲ့ မြန်မာ့သတ္တုတွင်းဥပဒေ ပြင်ဆင်တဲ့ ဥပဒေကြမ်းပုဒ်မ ၄ မှာ အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီး ဌာနသို့ သတ်မှတ်ချက်များနဲ့အညီ လျှောက်ထားရမည်ဆိုပြီးတော့ ကျွန်တော်တို့ အတည်ပြုထားတယ်၊

ပုဒ်မ ၄(က)မှာတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာပါရှိတဲ့ သတ္တုစက်မှုတွင်းထွက်ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း တို့မှာ အကြီးစား၊ အလတ်စား၊ အသေးစား အဲဒီ(၃)မျိုးကို ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း ဝယ်ယူခြင်းဟု ကျွန်တော်တို့ အတည်ပြုထားတာ ရှိပါတယ်။ အဲဒီတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ထပ်ဆင့်ပြီးတော့ ကျွန်တော်တင်ပြရမယ်ဆိုရင် အကြီးစားလည်း ပေးထားတယ်။ အလတ်စားလည်း ဆောင်ရွက်ခွင့်ပြုထားတယ်။ အသေးစားလည်း ဆောင်ရွက်ခွင့်ပြုထားတယ်။ အဲဒီတော့ အဲဒီပုဒ်မ ၄ နဲ့ ၄(က)ကို ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြင်ဆင်ချက်များနဲ့ အတည်ပြုပြီးတော့ ပြန်လည် ပေးပို့လာတဲ့အခါမှာ ကျွန်တော်တို့ ပုဒ်မ ၄ မှာ လုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ရပ်ရပ် ထက်ပို၍ လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နဲ့အညီ လျှောက်ထားရမည်။ ၄(က)မှာ သူတို့ရဲ့ ပြင်ဆင်ချက်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ပါရှိတဲ့ သတ္တုစက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းတို့ကို အကြီးစားထုတ်လုပ်ခြင်းဆိုပြီးတော့ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း၊ ဝယ်ယူခြင်းလို့ ပြင်ဆင်ထားပါတယ်။ ဒီနေရာမှာ ပြည်သူ့လွှတ်တော် က ပုဒ်မ ၄ ကိုပြင်ထားတယ်။ ပုဒ်မ ၄(က)မှာလည်း အကြီးစားထုတ်လုပ်မှုဆိုတာ တစ်ခုတည်းပဲ ကျွန်တော်တို့ ထားတယ်။ ဒါကိုထားတဲ့အတွက် အလတ်စား၊ အသေးစားတွေကို နုတ်ပယ်ထားတာကို သွားရောက်တွေ့ရှိရတယ်။ လုပ်ပိုင်ခွင့်မရှိဘူးဆိုတဲ့ သဘောမျိုး တွေ့ရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ကျွန်တော်တို့ အလတ်စားနဲ့ အသေးစားကို လုပ်ကိုင်ခွင့် မရှိဘူးဆိုတဲ့ သဘောဖြစ်နေပါတယ်။

အဲဒီတော့ ဒီပုဒ်မများကို ကြည့်မယ်ဆိုရင် အဆိုပါ ပုဒ်မ ဥပဒေကြမ်းရဲ့ အခန်း(၃) ပုဒ်မ ၄၊ ၅၊ ၆ တို့မှာ  ခွင့်ပြုမိန့် ရရှိရန် ညွှန်ပြတဲ့ ပုဒ်မတွေ ဖြစ်ပြီးတော့မှ ပုဒ်မ  ၇၊ ၈၊ ၉ ပုဒ်မ ၁၀ ဟာ ခွင့်ပြုမိန့် ထုတ်ပေးတဲ့အတွက် ပြဋ္ဌာန်းတဲ့ ပုဒ်မများ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေ ပုဒ်မ ၄ (က)(ခ)(ဂ)(ဃ) တို့အနက် ၄ (က)မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှိတဲ့ မည်သည့် ဓာတ်သတ္တုမဆို  မည်သည့်လုပ်ငန်း အမျိုးအစားမဆို မည်သည့် အကြီးစားလုပ်ငန်း အလတ်စား အသေးစားလုပ်ငန်းမဆို ဝန်ကြီးဌာနသို့ လျှောက်ထားရမည်လို့ ရှင်းလင်းစွာ အတည်ပြုထားတယ်။ ပုဒ်မ ၄ (ခ)မှာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါက အကြီးစားဖြစ်လျှင် ဝန်ကြီးဌာနသို့ လျှောက်ထားရန် ဖြစ်ပြီး ပုဒ်မ ၄ (ဃ)မှာ ကျောက်လုပ်ငန်းမှအပ အလတ်စားလုပ်ငန်း၊ အသေးစားလုပ်ငန်းအပါအဝင် လုပ်ငန်း(၃)ရပ် တစ်ပေါင်းတည်း လုပ်ကိုင်မယ်ဆိုပါက ဝန်ကြီးဌာနကို လျှောက်ထားရန် ဖြစ်တယ်လို့ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ အဲဒီအတိုင်း အတည်ပြု ထားပါတယ် အမျိုးသားလွှတ်တော်က အဓိပ္ပာယ်အရဆိုရင် ကျောက်ထုတ်လုပ်တဲ့လုပ်ငန်းကို အကြီးစား ဖြစ်လျှင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနကို လျှောက်ထားရမယ်။ အလတ်စား ကျောက် ထုတ်လုပ်ခြင်းဖြစ်လျှင် ပုဒ်မ ၅ အရ သတ္တုတွင်းဦးစီးဌာနသို့ လျှောက်ထားရမယ်အလတ်စား

ကျောက်ထုတ်လုပ်ခြင်းကို ခုနက သတ္တုတွင်းဦးစီးဌာနကို လျှောက်ထားရမယ်လို့ သတ်မှတ်ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

ဒါ့အပြင် မည်သည့်လုပ်ငန်းမဆို အသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်းဖြစ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့ဝန်ကြီးဌာနက ပုဒ်မ ၆ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် ချထားရေး စိစစ်ရေးအဖွဲ့ဟု ပုဒ်မ ၆ အရ လျှောက်ထားရမယ်လို့ အမျိုးသားလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းထားပါတယ်။ ဒီအချက်ကို ကျွန်တော့်အနေနဲ့ အကျဉ်းချုပ် ပြန်ပြီးတော့မှ ချုပ်ပြီးတော့ တင်ပြရမယ်ဆိုရင် အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ အဆိုပါ ပုဒ်မများနဲ့ ပတ်သက်ပြီးတော့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြစ်မယ်ဆိုရင် ကျောက်အပါအဝင် အကြီးစား ထုတ်လုပ်ခြင်း အလတ်စား ထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း စတဲ့ (၃)မျိုးကို ဝန်ကြီးဌာနကို သတ်မှတ်ချက်နဲ့အညီ လျှောက်ထားရမယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြစ်ပါက အကြီးစား ထုတ်လုပ်ခြင်းကို ဝန်ကြီးဌာနသို့ သတ်မှတ်ချက်နဲ့အညီ လျှောက်ထားရမယ်။ ပုဒ်မ ၄ မှာ ဖော်ပြထားပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဖြစ်ပါက အလတ်စား ထုတ်လုပ်ခြင်းကို ပုဒ်မ ၄ (ဂ)အရ ဝန်ကြီးဌာနသို့ လျှောက်ထားရမယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုမှာ အလတ်စား သို့မဟုတ် အသေးစား လုပ်ငန်းမှာ ဆင့်တက်ပြုပြင်ခြင်း ရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းတွေမှာအနည်းဆုံး လုပ်ငန်း (၃)ရပ်ကို တစ်ပေါင်းတည်း လုပ်ကိုင်မယ်ဆိုရင် ပုဒ်မ ၄ (ဃ)အရ ဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဟု လုပ်ငန်းအမျိုးအစား အလိုက် ဥပဒေပုဒ်မများ တစ်ပိုဒ်ချင်း ရှင်းလင်းစွာ ခွဲပြီးတော့မှ အတည်ပြုထားတာ တွေ့ရပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ အတည်ပြုလာတဲ့ ခွင့်ပြုမိန့် လျှောက်ထားခြင်းဆိုတဲ့ အဆိုပါ ပုဒ်မ ၄(က)မှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု၌ ကျောက်အပါအဝင် အကြီးစား ထုတ်လုပ်ခြင်း လုပ်ငန်း တစ်ခုတည်းကိုသာ ခွင့်ပြုမိန့်လျှောက်ထားရမည်ဟု ပြင်ဆင်ထားတာ တွေ့ရပါတယ်။ ပြည်တွင်း နိုင်ငံသား၊ တိုင်းရင်းသား၊ အသေးစား အလတ်စား လုပ်ငန်းရှင်များအနေနဲ့ နိုင်ငံခြား ဖက်စပ်လုပ်မည့် လုပ်ငန်းများရဲ့အပေါ် မည်သို့မျှ လုပ်ဆောင်နိုင်ခြင်း မရှိတော့တာ သွားတွေ့ရတယ်။ ပိတ်ပင်ထားသလို သွားဖြစ်နေတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုထုတ်လုပ်မှု သက်သက် အသေးစားလုပ်ရန် မည်သည့်နေရာဌာနကို လျှောက်ထားရမည်ကို ထည့်သွင်းရေးဆွဲထားခြင်းလည်း မတွေ့ရပါဘူး။ ခွင့်ပြုမိန့် ထုတ်ပေးဖို့တော့ ပုဒ်မ ၈(က)တော့ သွားတွေ့တယ်။ ဘယ်ကိုလျှောက်ထားရမယ် မပါဘူး။ ပုဒ်မထားခြင်း မရှိဘူး။ ခွင့်ပြုမိန့် ထုတ်တာတော့ သွားပါတယ်။ ဒီလို ရှေ့နောက် မညီညွတ်တာ သွားတွေ့နေပါတယ်။ နောက်တစ်ခါ ၂၀၁၂ ခုနှစ် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၅ မှာ ပုဒ်မ ၄ အရ ကန့်သတ်ထားတဲ့ သို့မဟုတ် တားမြစ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ကော်မရှင်ဟာ နိုင်ငံတော် နှင့် နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွား အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက် ရယူ၍ ခွင့်ပြုနိုင်တယ်လို့လည်း ပါရှိထားပါတယ်။ ဒါ့အပြင် ၂၀၁၃ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ အပိုဒ် ၂၀ မှာ နိုင်ငံခြားသားသည် တားမြစ်သည့် လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့် လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေ ရင်းနှီးငွေ အချိုးသည် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု (၈၀)ရာခိုင်နှုန်းထက် မကျော်လွန်စေရ ဆိုပြီးတော့ ဤသတ်မှတ်ချက်ကို ကော်မရှင်ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်တယ်လို့ ဖော်ပြထားတာတွေကို ပြန်ပြီးတော့ ယှဉ်ပြီးတော့ သုံးသပ်ပြီး

လေ့လာကြည့်မယ်ဆိုရင် ဒီနေရာမှာ အဓိပ္ပာယ်ကောက်ယူမှုကို ရှုပ်ထွေးသွားမှာ တစ်ခုတော့ အနည်းငယ်တင်ပြချင်ပါတယ်။ ၁၄-၈-၂၀၁၄ ရက်နေ့မှာ ထုတ်ပြန်တဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာ ၄၉/၂၀၁၄ မှာ စီးပွားရေးလုပ်ငန်း အမျိုးအစားများ ပြင်ဆင် သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာဇယားမှာ ဓာတ်သတ္တု အလတ်စားနဲ့ အသေးစား ထုတ်လုပ်ခြင်း လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်မပြု အမျိုးအစား စာရင်းမှာ သွားပြီးတော့ ဖော်ပြထားတာ တွေ့ရပြန်တယ်။ ဒီလိုတွေ့ရတဲ့အတွက် ကျွန်တော်တို့ လေ့လာတဲ့နေရာမှာ နည်းဥပဒေ အမိန့် ကြော်ငြာစာတွေဟာ အဓိပ္ပာယ် ကောက်ယူမှုက လွဲမှားသွားနိုင်တာ ဖြစ်နိုင်ပါတယ်။ ရှေ့နောက် ဥပဒေတွေပေါ့ လွဲမှားသွားတာ ဖြစ်နိုင်တယ် တကယ်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၁၀၀)ရာခိုင်နှုန်း အပြည့်ကိုသာ ကျွန်တော်တို့ခုနက ကော်မရှင်ကနေပြီးတော့မှ သတ်မှတ်ထားခြင်း မရှိဘူးလို့ အဓိပ္ပာယ် ပြန်ပြီး သက်ရောက်လာတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုပါ အမိန့်ကြော်ငြာစာအတိုင်း ဓာတ်သတ္တုလုပ်ငန်းအား အလတ်စားနှင့် အသေးစား ထုတ်လုပ်ခြင်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်မပြုသည့် အမျိုးအစား စာရင်းကို အပြည့်အဝ ကောက်ယူလိုက်လျှင် လွဲမှားသွားမှာ ဖြစ်ပါတယ်။ အတည်ပြု ပြဋ္ဌာန်းတဲ့ ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက် နှင့်လည်းကောင်း ၂၀၁၃ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ပုဒ်မ ၂၀ အရလည်းကောင်း ဆန့်ကျင်ကွဲလွဲပြီးတော့ အဓိပ္ပာယ် ကောက်ယူမှုတွေ လွဲမှားနိုင်တယ်။ ကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာ စတဲ့ ဥပဒေများကို ကျော်လွန်ရာ ရောက်တဲ့ အခြေအနေမျိုး ကောက်ယူသုံးသပ်နိုင်တဲ့ ဖြစ်သလို ဖြစ်သွားပါတယ်။ နိုင်ငံသူ/ နိုင်ငံသား တိုင်းရင်းသား အလတ်စား အသေးစား အသေးစားလုပ်ငန်းရှင်တွေ ရဲ့ ဥပဒေပါ အခွင့်အရေးများကို ကန့်သတ်ပိတ်ပင်ထားသလို ဖြစ်နေတဲ့ သွားပြီးတော့ ဖြစ်နေတဲ့သဘော သက်ရောက်နေပါတယ်။ ဒါကြောင့်မို့လို့ မည်သို့ပင် ခွင့်မပြုတဲ့ ကန့်သတ်ထားတဲ့ တားမြစ်ထားတဲ့ လုပ်ငန်း ဖြစ်စေကာမူ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ နိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအတွက် အကျိုးဖြစ်ထွန်းနိုင်လျှင် ခွင့်ပြုပေးနိုင်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က MIC က ခွင့် ပြုခဲ့မယ်ဆိုရင် ဓာတ်သတ္တုအလတ်စား အသေးစား ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ခွင့်ပြုမိန့် ထုတ်ပေးခြင်း စတဲ့ ဥပဒေ ပြဋ္ဌာန်းချက်များ ထည့်သွင်းပြီးတော့မှ ပြဋ္ဌာန်းထားပါမှ မှန်ကန်ပြည့်စုံတဲ့ ဥပဒေ ဖြစ်ပေါ် လာနိုင်ပါတယ်။ ဥပဒေက လက်တွေ့အကျိုးရှိစွာ ကျင့်သုံးဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း ပုဒ်မ ၄ (က)နှင့် အမျိုးသား လွှတ်တော်က အတည်ပြုသည့်အတိုင်း ဆက်လက်ပြီး အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း ထောက်ခံ ဆွေးနွေးတင်ပြပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့မှ ပုဒ်မ ၆ ၊ ပုဒ်မ ၆ နဲ့ပတ်သက်ပြီးတော့မှ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုရာမှာ ရွှေ့လျားသတ္တု၊ ရှားပါးသတ္တု၊ ရေဒီယိုသတ္တုကြွသတ္တုတို့မှအပ သတ္တုစက်မှု တွင်းထွက် ကုန်ကြမ်းပစ္စည်း ကျောက်များနှင့် စပ်လျဉ်းတဲ့ ရှာဖွေခြင်း၊ တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းတို့ကို အသေးစား ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား ထုတ်လုပ်ခြင်း ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းတို့ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့် ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်

ပြည်နယ်အသီးသီးတို့မှာ ဖွဲ့စည်းထားတဲ့ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သို့ သတ်မှတ်ချက်နဲ့အညီ လျှောက်ထားရမယ်လို့ အမျိုးသားလွှတ်တော်ကနေပြီးတော့မှ ပုဒ်မ ၆ မှာ အတည်ပြုထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၆ ရဲ့ နောက်မှာ ပုဒ်မ ၆ (က) ကို ထပ်ဆင့်ပြီးတော့မှ ဖြည့်စွက်ရမည်ဆိုပြီးတော့မှ ပုဒ်မ ၆(က)မှာ ခုနက ဖွဲ့စည်းပုံ ပေးထားပါတယ်။ ပြည်နယ်နဲ့ တိုင်းမှာရှိတဲ့ ဝန်ကြီးဌာနက ခွင့်ပြုထားတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားရေး အဖွဲ့ကို ဖွဲ့ပြီးတော့မှ ဒါကို ကျွန်တော်တို့ ဆောင်ရွက်ရမယ်ဆိုပြီးတော့မှ အဖွဲ့လိုက် စုံပါတယ်။ တိုင်းဒေသ သတ္တုတွင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထွေထွေအုပ်ချုပ်ရေး ကြေးတိုင်ရေအရင်းအမြစ် ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက အတွင်းရေးမှူး ဆောင်ရွက်ပြီးတော့ ဒါကို အဖွဲ့နဲ့ စိစစ် ဆောင်ရွက်ရမည်ဆိုတဲ့အတွက် ပိုပြီးတော့မှ ပြည့်စုံတယ်။ အောက်ခြေက အခြေအနေတွေကို ကိုယ့်နယ် မြေဒေသတွေကို ပိုပြီးတော့ သိရောက်နိုင်တဲ့အတွက် ချထားတဲ့နေရာမှာ အင်မတန်မှ လျော်ကန် သင့်မြတ်တဲ့ အတည်ပြုချက်ဖြစ်တယ်လို့ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပြန်လည်ပြီးတော့ ဒီကိစ္စတွေမှာ အတည်ပြုလာတဲ့ အခါမှာ ဒီပုဒ်မတွေကို ပုဒ်မ ၆မှာ ဝန်ကြီးဌာနက အမိန့်ကြေညာစာ ထုတ်ပြန်၍ ဆိုပြီးတော့ သတ်မှတ်သည့် သတ္တုစက်မှု တွင်းထွက်ကုန်ကြမ်း သို့မဟုတ် ကျောက်မျက်နဲ့စပ်လျဉ်းတဲ့ လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ခွင့်ပြုမိန့် ရရှိရန် ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းသည့် အရာရှိထံ ဆိုပြီးတော့မှ သတ်မှတ်ချက်နဲ့အညီ လျှောက်ထားရမယ်လို့ ပြင်ဆင်ထားပါတယ်။ ဒီအချက်ကို (၂)ချက်ပါတယ်။ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် ပုဒ်မ ၆ မှာ ဝန်ကြီးဌာနက အမိန့်ကြေညာစာ ထုတ်ပြန်သတ်မှတ်သည့် သတ္တုစက်မှု လက်လုပ်လက်စားဆိုတဲ့နေရာမှာ အမိန့်ကြေညာစာ ထုတ်ပြန်မယ်ဆိုတာ ကျွန်တော်တို့က ဥပဒေအရ ပြန်ကြည့်မယ်ဆိုရင် အခါအားလျော်စွာထုတ်ပြန်မယ် ဘယ်သတ္တုတွေကို ထုတ်ပြန်မယ်၊ ဘယ်လို ပုံစံမျိုးနဲ့ ထုတ်ပြန်မယ်ဆိုတာ သေချာ ရေရာ တိကျမှု မရှိဘူး။ ဥပဒေ ကတော့ တိတိကျကျ ဖြစ်ရမယ် General ဆန်လို့တော့ မဖြစ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီအချက်မှာ ဝန်ကြီးဌာန ကြေညာစာ အမိန့်အရ ဆိုတာကြီးက General ဆန်နေပါတယ်။ ဒီခွင့်ပြုမိန့် တင်တဲ့နေရာမှာ ကျပြန်တော့လည်း ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင် လုပ်ပိုင်ခွင့် အပ်နှင်းတဲ့ ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းတဲ့ အရာရှိထံ ဆိုတဲ့အတွက် ဒီအရာရှိက တစ်ဦးတည်းပဲ ဖြစ်ပါတယ်။ ဒါ အရင်က ယခင်စနစ်က ပုံစံလည်း ဒီလိုပဲ ကျွန်တော်တို့ တစ်ဦးတည်းရဲ့ အပေါ်မှာ သွားပြီးတော့ ပုံပြီးတော့မှ လျှောက်ထားရမယ်။ ဒီတစ်ဦးရဲ့ ဆုံးဖြတ်ချက် ဒီလူ ဆက်တင်ပေးမှအပေါ်ရောက်မယ်၊ အဆင့်ဆင့် တက်ပေးမှ အပေါ်ရောက်မယ် ဒီအပေါ်ရောက်ပြန်တော့လည်းဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန တစ်ခုရဲ့ ခွင့်ပြုမိန့် ပြန်ကျဖို့ကလည်း အဆင့်ဆင့်တွေ ဖြစ်ပြီးတော့မှ ဒါဟာ ပြီးခဲ့တဲ့ စနစ်ဟောင်းလိုပေါ့ ခွင့်ပြုမိန့် လျှောက်လို့ရှိရင် တော်တော်နဲ့ မပြီးတော့ဘူး။ နှစ်နဲ့ချီ (၂)နှစ် (၃)နှစ် ကြာပြီးတဲ့အတွက် တကယ်လက်တွေ့လုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ ဘယ်လိုမှ ဆောင်ရွက်နိုင်စွမ်းဟာ နဂိုအတိုင်း ဖြစ်ပြီးတော့မှ နှောင့်နှေးကြန့်ကြာပြီးတော့မှ တကယ့်အောက်ခြေမှာ လုပ်ရမယ့် အလတ်စား အသေးစားလုပ်ငန်း လုပ်နေတဲ့ လုပ်ငန်းရှင်တွေဟာ ဘယ်လိုမှ အချိန်ယူပြီး လုပ်လို့မရဘဲနဲ့ နှစ်ရှည်လများ ကြာပြီးတော့ တကယ်လက်တွေ့ ဒီဥပဒေမှာ ဆောင်ရွက်ရတဲ့ လက်တွေ့ ဆောင်ရွက်ရတဲ့ နေရာတွေမှာ များစွာ အခက်အခဲ ပြဿနာချက်မျိုး လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ ပုဒ်မ ၆ (က)မှာမှန်ကန်တဲ့ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်မျိုး ဖြစ်လို့ ဒီ ၆ နဲ့ ၆ (က)ကို ပြည်သူ့လွှတ်တော်ကို ပြင်ဆင်ချက်ကို လက်မခံဘဲနဲ့ အမျိုးသားလွှတ်တော်ရဲ့ မူလပြင်ဆင်အတည်ပြုချက်ကိုပဲ လက်ခံသင့်ပါကြောင်း ကျွန်တော်တို့ ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ နောက်တစ်ခါ ပုဒ်မ ၇ ပုဒ်မ ၈ ပုဒ်မ ၉ ပုဒ်မ ၁၀ တို့ဟာ ခွင့်ပြုမိန့် ထုတ်ပေးထားတဲ့ ပုဒ်မများ ဖြစ်ပြီးတော့ ခွင့်ပြုမိန့် လျှောက်ထားခြင်း ပုဒ်မ ၄၊ ၅၊ ၆ တို့နဲ့ ရှေ့နောက် လေ့လာသုံးသပ်တဲ့နေရာမှာ ရှေ့နောက် ညီညွတ်စွာ ပြင်ဆင်ပြည့်စုံစွာ ပြင်ဆင် အတည်ပြု ထားတဲ့ပုံစံလည်း တွေ့ရပါတယ်။ ပုဒ်မ ၈ (က) ပုဒ်မ ၈ (ခ)မှာလည်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် အလတ်စား အသေးစား ထုတ်လုပ်ရန် ရှာဖွေခြင်း စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ ထုတ်လုပ်ခြင်း ဆင့်တက် ပြုပြင်ခြင်းနှင့် ရောင်းချခြင်း ဝယ်ယူခြင်းလုပ်ငန်းများကို လုပ်ငန်း (၃)ရပ်ကို တစ်ပေါင်းတည်း လုပ်ကိုင်ရန် လျှောက်ထားခြင်းဖြစ်ပါက ဝန်ကြီးဌာနက ခွင့်ပြုမိန့် ချထားပေးရန် အမျိုးသားလွှတ်တော်ကလည်း အတည်ပြုပြဌာန်းပြီး ဖြစ်သလို အတည်ပြုခဲ့ပြီး ဖြစ်သလို ကျောက်ထုတ်လုပ်မှု လုပ်ငန်းတွေမှာလည်း သတ္တုစက်မှုတွင်းထွက်ကုန်ကြမ်း ပစ္စည်းလောက် ရင်းနှီးမြှုပ်နှံမှုများ ကျောက်ထုတ်လုပ်မှုက မများပါဘူး။ ဝင်ငွေ ပြန်လည်ရရှိမှုလည်း နည်းပါတယ်။ သတ္တုတွင်း ဦးစီးဌာနသို့ လျှောက်ထားရပြီး ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကျောက်ထုတ်လုပ်မှုက သတ္တုစက်မှုလုပ်ငန်းလောက် အရင်းအနှီးမများဘူး။ ပြန်ရရှိတော့လည်း သတ္တုစက်မှုလုပ်ငန်းလောက် အကျိုးအမြတ်က နည်းနည်း ပိုနည်းတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ သတ္တုဦးစီးဌာနကို ကျောက်ထုတ်လုပ်မှုလုပ်ငန်းမှာ သတ္တု ဦးစီးဌာနကို ကျွန်တော်တို့ ပုဒ်မ ၉ အရ သတ္တုတွင်းဦးစီးဌာနက ခွင့်ပြုမိန့် ထုတ်ပေးရန်နဲ့ နိုင်ငံသားများရဲ့ ရင်းနှီးမြှုပ်နှံမှု အသေးစားနဲ့ လက်လုပ်လက်စား လျှောက်ထားခြင်းကို ပုဒ်မ ၁၀ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့က ခွင့်ပြုမိန့် ထုတ်ပေးရန် ဆိုပြီးတော့မှ ညီညွတ်မျှတစွာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေ ရှေ့နောက် ညီညွတ်မှု မှန်ကန်စွာနဲ့ ကျွန်တော်တို့ အတည်ပြုထားတာကို သွားပြီး လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့အတည်ပြုရာမှာ ပြန်ကြည့်မယ်ဆိုရင် ပုဒ်မ ၄(က)ကို အစားထိုးထားတယ်။ ပုဒ် ၆ ကို အစားထိုးထားတယ်။ ပုဒ်မ ၆ (က)ကို ကျွန်တော်တို့ ပယ်ဖျက် ထားတယ်။ ပုဒ်မ ၇ ကို အစားထိုးထားတယ်။ ပုဒ်မ ၈ (က)နဲ့ ပုဒ်မ ၈ (ခ) ကို မူရင်းဥပဒေကြမ်းအတိုင်း ထားတယ်။ ပုဒ်မ ၁၀ ကို ပြင်ဆင်အစားထိုးတာတွေကို ပြန်ပြီးတော့ ချုပ်ပြီးတော့ ရှေ့နောက် ပြန်ပြီးတော့ သုံးသပ်ကြည့်တဲ့နေရာမှာ ဥပဒေ ရှေ့နောက်က Consistent ညီညွတ်မှု မရှိတော့ဘဲနဲ့ ရှေ့နောက်က မသပ်ရပ်ဘူးပေါ့ ရှေ့နောက်က မညီညွတ်ဘဲနဲ့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ အားနည်းယုတ်လျော့သွားတာလည်း တွေ့ရတယ်။ ဥပဒေအရ လက်တွေ့ ဆောင်ရွက်တဲ့နေရာမှာ အခက်အခဲ ရှိတယ်။ နိုင်ငံသားတွေရဲ့ လုပ်ငန်းရှင်များအတွက် လုပ်ငန်း အမျိုးအစား ဆောင်ရွက်မှု အခွင့်အရေးတွေကိုလည်း ဟန့်တားထိခိုက်စေနိုင်တဲ့ ပုံစံမျိုးတွေ ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ ခြုံပြီးတော့မှ ပြည်သူ့လွှတ်တော်ဘက်က ကြည့်လို့ရှိရင်လည်း လေ့လာသုံးသပ်တာ တွေ့ရှိရတဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးသားဖြစ်တဲ့ အဆိုပါ ပုဒ်မများကိုက ပြန်ကြည့်တဲ့အခါမှာ အသေးစားနဲ့ လက်လုပ်လက်စားလုပ်ကိုင်တဲ့ လုပ်ငန်းရှင်များ လွယ်ကူချောမွေ့စွာ ခွင့်ပြုမိန့် လျှောက်ထားနိုင်တယ်။ နိုင်ငံတော်ရဲ့ အသေးစား အလတ်စား

စီးပွားရေး လုပ်ငန်းများရဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းတွေကို အားပေးအထောက်အကူ ပြုစေနိုင်တယ်။

ဒီလုပ်ငန်းများဟာ လျှင်လျှင်မြန်မြန် ဆောင်ရွက်နိုင်တယ်လို့ သွားရောက်ပြီးတော့မှ ရှေ့နောက် ဆက်စပ်ပြီးတော့ လက်တွေ့ဆောင်ရွက်တဲ့နေရာမှာ ဆက်စပ်ပြီး ကြည့်တဲ့အခါ ပေါ်ပေါက်လာတဲ့အတွက် ဒီလုပ်ငန်း အခွင့်အလမ်းတွေလည်း ပိုမိုများပြားပြီးတော့ လက်ရှိဆောင်ရွက်နေတဲ့ ဆင်းရဲမှု လျှော့ချနိုင်တဲ့ တစ်ဖက်တစ်လမ်းက အထောက်အကူ ပြုစေနိုင်တဲ့ ပြဋ္ဌာန်းချက်များ ဖြစ်တယ်လို့ လေ့လာတွေ့ရှိရတဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့တယ်လို့ သဘောပေါက် ရရှိတဲ့အတွက် ဒီတိုင်းပဲ အတည်ပြုပေးဖို့ ထောက်ခံအပ်ပါတယ် ခင်ဗျား။

နိဂုံးချုပ်ကလေး ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ကနေပြီးတော့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ ပဉ္စမကာလတို (၅)နှစ် အမျိုးသားစီမံကိန်း အခန်း(၅) သတ္တုတွင်းထွက်ပစ္စည်း ကဏ္ဍမှာ မူဝါဒ ရည်မှန်းချက်နဲ့ လုပ်ငန်းစဉ်များ ချမှတ်ထားပါတယ်။လုပ်ငန်းစဉ်များမှာ ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနဲ့ အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်ဟု ချမှတ်ထားသလို ၂၀၁၃ ခုနှစ် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၆ (စ)မှာလည်း နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနဲ့ ဖက်စပ်လုပ်ငန်း တည်ထောင်လုပ်ကိုင်လိုပါက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိခြင်းဟု ပြဋ္ဌာန်းထားတဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ခွင့်ပြုမိန့် လျှောက်ထားခြင်းနဲ့ ခွင့်ပြုမိန့် ထုတ်ပေးခြင်း စတဲ့ ပုဒ်မ ၄၊ ၅၊ ၆၊ ၇ ပုဒ်မ ၈၊ ၉၊ ၁၀ စတဲ့ အတည်ပြုချက်များဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ အမျိုးသားစီမံကိန်း မူဝါဒ လမ်းစဉ် စီးပွားရေးမူဝါဒ လမ်းစဉ် စတဲ့ အချက်များနဲ့ ကိုက်ညီတဲ့အတွက် အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုပေးနိုင်ပါရန် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၈။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နဲ့ ကော်မရှင် အဖွဲ့ဝင်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က ဦးစောတော်ပလဲ ဖြစ်ပါတယ် ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ ပုဒ်မ ၁၁ (က)ကို အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့တဲ့အတိုင်း ဆက်ပြီးတော့ အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြု ထားတဲ့ ပုဒ်မ ၁၁ (က)ကတော့ ခွင့်ပြုမိန့်များ ထုတ်ပေးသော ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်များ စိစစ်ချထားပေးရေး အဖွဲ့တို့သည် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ပြုလုပ်ထားရှိသော လုပ်ကွက်တွေ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့် လျှောက်ထားလာစဉ် သတ်မှတ်ချက်များနဲ့ ညီညွတ်မှု ရှိပါက လုပ်ကွက်

ခွင့်ပြုရမည် ဆိုပြီးတော့ ပြဋ္ဌာန်းတာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားတဲ့ ပုဒ်မ ၁၁ (က)ကတော့ ခွင့်ပြုမိန့်များ ထုတ်ပေးသော ဝန်ကြီးဌာန ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အရာရှိသည် ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းတို့ကို ခွင့်ပြုမိန့်အရ အဆင့်ဆင့် အောင်မြင်စွာ ဆောင်ရွက်ခဲ့သော လုပ်ငန်းရှင်မှ ယင်းလုပ်ကိုင်ခဲ့သော နေရာတွင် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း ခွင့်ပြုမိန့် လျှောက်ထားလာလျှင် သတ်မှတ်ချက်များနဲ့ ညီညွတ်မှု ရှိပါက လုပ်ကိုင်ခွင့်ပြုရမည်ဟူ၍ ပြဋ္ဌာန်းပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်နှစ်ရပ်စလုံးက ရှေးကနဦး ရှာဖွေ စမ်းသပ်ခဲ့တဲ့သူကို ဦးစားပေးဖို့ ပြဋ္ဌာန်းထားတဲ့ ပုဒ်မချင်း တူပါတယ်။ ဒါပေမဲ့ ကွဲလွဲမှု နှစ်ချက် ရှိပါတယ်။ ပထမ ကွဲလွဲမှုအချက်ကတော့ အမျိုးသားလွှတ်တော်က ခွင့်ပြုမိန့် ထုတ်ပေးရမယ့် ဌာန အဖွဲ့အစည်းတွေကို ပြဋ္ဌာန်းတဲ့နေရာမှာ ရှေ့မှာ အတည်ပြုထားပြီးတဲ့ ပုဒ်မ ၄၊ ၅၊ ၆ တို့နဲ့အညီ ဝန်ကြီးဌာန ဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်များ စိစစ်ချထားပေးရေး အဖွဲ့ကို လုပ်ပိုင်ခွင့်ပြုတဲ့ ဥပဒေ ပုဒ်မ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင် အတည်ပြုတဲ့ နေရာမှာ ခွင့်ပြုမိန့် ထုတ်ပေးရမယ့် အဖွဲ့အစည်းကို ပြဋ္ဌာန်းတဲ့အချိန်မှာ ဝန်ကြီးဌာန ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အရာရှိ ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အရာရှိဆိုတဲ့ စကားရပ်နဲ့ ပတ်သက်ပြီး ရှေ့မှာ ကိုယ်စားလှယ်တော်ကြီး (၂)ဦးလည်း ဆွေးနွေးပြီးပါပြီ။ လုပ်ပိုင်ခွင့် ခွင့်ပြုမိန့်ကို ထုတ်ပေးပိုင်ခွင့် ရှိတဲ့ အဖွဲ့အစည်းကို အမျိုးသားလွှတ်တော်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်များ စိစစ်ချထားပေးရေး အဖွဲ့ကို လုပ်ပိုင်ခွင့် ပေးထားတယ်။ ပြည်သူ့လွှတ်တော်ကကျတော့ အရာရှိ တစ်နည်းအားဖြင့် လူပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ လုပ်ပိုင်ခွင့်ပေးရန် သက်ရောက်နေပါတယ်။ လုပ်ပိုင်ခွင့်တစ်ရပ် အပ်နှင်းထားတဲ့နေရာမှာ အဖွဲ့အစည်းကို အပ်နှင်းခြင်းဟာ အရာရှိဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးကိုသာ အပ်နှင်းခြင်းထက် ပိုပြီးတော့ အကျိုးသက်ရောက်မှု တရားမျှတမှု ပွင့်လင်း မြင်သာမှုတွေ ရှိမှာ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ လုပ်ပိုင်ခွင့်အပ်နှင်းပါက မလိုလားအပ်တဲ့ လုပ်ဆောင်မှု ဆောင်ရွက်ချက်တွေ အားနည်းချက်များစွာ ဖြစ်ပေါ်နိုင်ပါတယ်။ ထိုနည်းတူ ခွင့်ပြုမိန့် ထုတ်ပိုင်ခွင့် ပြည်ထောင်စုဝန်ကြီးဌာန ဦးစီးဌာနအပြင် တိုင်းဒေသကြီး နဲ့ ပြည်နယ်မှာ ဖွဲ့စည်းထားတဲ့ စစ်ဆေးရေးအဖွဲ့ကို ခွဲဝေပေးသင့်ကြောင်း တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်မှာ အတည်ပြုထားတဲ့ ပုဒ်မ ၁၁ (က)ပါ ဝန်ကြီး ဌာန ဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်များ စိစစ်ချထားပေးရေး အဖွဲ့တို့သည် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း ခွင့်ပြုမိန့် ရရှိ လုပ်ကိုင်ခဲ့သော လုပ်ငန်း ရှင်မှလည်းကောင်း ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း ပြုလုပ်ထားရှိလာလျှင် လုပ်ကွက်တွေ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားလာလျှင် သတ်မှတ်ချက်များနဲ့ ညီညွတ်မှုရှိပါက လုပ်ကိုင်ခွင့်ပြုရမည်ဆိုတဲ့ စကားရပ် တွင် ရှေ့မှာပါရှိပြီးတဲ့ ပုဒ်မ ၄၊ ၅၊ ၆ တို့နဲ့ညီညွတ်မှု ရှိတဲ့အတွက်ကြောင့် အဲဒီ ၁၁ (က)ကိုပဲ ဆက်လက်ပြီးတော့ ပြန်လည်အတည်ပြုပေးဖို့ ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ ကွဲလွဲမှု ဒုတိယ အချက်ကတော့ လက်ငုပ်လုပ်ကိုင်သူက ဦးစားပေးရာ စည်းကမ်း ကန့်သတ်ချက်ကို ပြဋ္ဌာန်းတဲ့

နေရာမှာ အမျိုးသားလွှတ်တော်က သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လုပ်ကိုင်ခွင့်ပြုရမည်ဟု အတည်ပြုပြီး ပြည်သူ့လွှတ်တော်က အဆင့်ဆင့် အောင်မြင်စွာ ဆောင်ရွက်ခဲ့သောလုပ်ငန်းရှင်မှ ယင်းလုပ်ကိုင် ခဲ့သော နေရာတွင် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ခွင့်ပြုမိန့် လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက ဆိုပြီးတော့ ပြင်ဆင်ထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တူးဖော်ထုတ်လုပ်မှုအတွက် ပဓာန အကျဆုံးမှာ စမ်းသပ်တိုင်းတာမှု ရလဒ်တင်ပြချက်၊ ဖြစ်မြောက်နိုင်စွမ်းတင်ပြချက်၊ ပဲ ဖြစ်ပါတယ်။ Possibility Report ဟာ ဝန်ကြီးဌာနမှ တူးဖော်ထုတ်လုပ် ခွင့်ပြုမိန့်ချမှတ်ပေးရန် သတ်မှတ်ချက်များနှင့် ပြည့်စုံ ညီညွတ်ရင် တူးဖော်ထုတ်လုပ်ခွင့်ပြုမှာ ဖြစ်ပါတယ်။သို့ဖြစ်ရာ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက ဆိုသော စကားရပ်ဟာ ကျစ်လျစ်ပြီး ပြည့်စုံပြီးဖြစ်ပါတယ်။ ဥပဒေစကားရပ်လည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မှာ အတည်ပြုတဲ့နေရာမှာ ခွင့်ပြုမိန့်အရ အဆင့်ဆင့်အောင်မြင်စွာ ဆောင်ရွက်ခဲ့သော လုပ်ငန်းရှင်မှ ယင်းလုပ်ကိုင်ခဲ့သော နေရာတွင် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းခွင့်ပြုမိန့် လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိပါက ဆိုပြီးတော့ ရေးသားရတဲ့နေရာမှာ စကားလုံးဖောင်းပွနေပါတယ်။ ဆိုလိုရင်းမှာ သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိပါက ဆိုတဲ့စကားရပ် ဖြစ်တဲ့အတွက် ပြည့်စုံလုံလောက် ပြီ ဖြစ်ပါတယ်။ လက်ငုတ်လုပ်ကိုင်သူအားဦးစားပေးရန် ဆင့်ကဲ ကန့်သတ်ချက်နဲ့ စပ်လျဉ်း၍ စကားလုံးကျစ်လျစ်ပြီး အဓိပ္ပာယ်အပြည့်အစုံပါရှိပြီးတဲ့ အမျိုးသား လွှတ်တော်မှ အတည်ပြုပြီးတဲ့ ပုဒ်မ (၁၁) (က) ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက ဆိုတဲ့စကားရပ်ကို စွဲမြဲလက်ခံသင့်ပါတယ်။ အဲဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ ပုဒ်မ ၆ ၊ ပုဒ်မ ၆ (က)၊ ပုဒ်မ ၁၀ အသေးစား၊ လက်လုပ်လက်စား အလတ်စားများနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့မှ စိစစ်ဆောင်ရွက်ခွင့်ပြုမိန့်ချထားပေးခြင်း တို့နှင့် စပ်လျဉ်းပြီးတော့ အတည်ပြုပြီးသကဲ့သို့ ခု ပုဒ်မ ၁၁ (က) တွင်လည်း ခွင့်ပြုမိန့်ချထားပေးသည့် ဌာနနှင့်အဖွဲ့တို့မှာ ရှေ့တွင်ပါရှိသော ပုဒ်မ ၄၊ ၅၊ ၆ တို့နှင့် ရှေ့နောက် လိုက်လျောညီထွေ ဖော်ပြချက်သာဖြစ်တဲ့အတွက်ကြောင့် တစ်ဆက်တစ်စပ်တည်း အတည်ပြုပေးဖို့ သင့်ပါကြောင်း တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၄။**

**ဦးလှိုင်ဦး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အမျိုးသား လွှတ်တော်ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာသတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၁၁-(ခ) နဲ့ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီဥပဒေကို မတင်ပြမီ ကျွန်တော်တို့ ကော်မတီအနေနဲ့ မြန်မာ့သတ္တုတွင်းဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲတင်သွင်းရာမှာ အဓိကထားဆွေးနွေးညှိနှိုင်းပြီး စဉ်းစားဆောင်ရွက်တဲ့ အခြေခံအချက် (၅)ချက်ကိုလည်း တင်ပြ

ခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ အခြေခံစဥ်းစားတဲ့ အချက်တွေ ကတော့ (၁) နိုင်ငံတော်နှင့်နိုင်ငံသားအားလုံးအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်ရေး (၂) ဥပဒေနည်းဥပဒေ နှင့် အမိန့်ကြော်ငြာစာများသည် ခေတ်နှင့်လျော်ညီပြီး နိုင်ငံသားများလိုက်နာဆောင်ရွက်နိုင်သည့် ဥပဒေဖြစ်ရေး (၃) ဥပဒေ နည်းဥပဒေ နှင့် အမိန့်ကြော်ငြာစာများ သည် အပြန်အလှန် အချိတ်အဆက် မိမိပြဋ္ဌာန်းနိုင်ခြင်း၊ (၄) ဥပဒေနှင့်အညီ ဂုဏ်သိက္ခာရှိသော လုပ်ငန်းဆောင်ရွက်သူများ ဖြစ်စေရေး (၅) အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစား ထုတ်လုပ်ခြင်းနှင့်အတူ ဒေသခံ တိုင်းရင်းသားများအတွက် တစ်ပိုင်တစ်နိုင်လုပ်ပိုင်ခွင့် ရရှိရေးဆိုတဲ့ အချက်များကို ကျွန်တော်တို့ ကော်မတီအနေနဲ့ အဓိကထား စဥ်းစားဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာသတ္တုတွင်းဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်း ပုဒ်မ ၁၁-ခ နဲ့ ပတ်သက်ပြီး ဆက်လက်ဆွေးနွေးပါမယ်။ အမျိုးသားလွှတ်တော်ကအတည်ပြုခဲ့တဲ့ ဥပဒေကြမ်း ပုဒ်မ ၁၁-ခ သည် ဓာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်း လုပ်ကိုင်သူမှအပ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းအတွက် ခွင့်ပြုမိန့်ကို လျှောက်ထားရန်မလိုဟူ၍ ဖြစ်ပါတယ်။ ဤပြဋ္ဌာန်းချက်သည် ဓာတ်သတ္တုသန့်စင်သည့် စက်ရုံ၊ လုပ်ငန်း လုပ်ကိုင်သောဆင့်တက် ပြုပြင်ခြင်းလုပ်ငန်းရှင်အနေနှင့် ဓာတ်သတ္တုရောင်းဝယ်ခြင်းနှင့် ဝယ်ယူခြင်းအတွက် ခွင့်ပြုမိန့် လျှောက်ထားရယူရန် လိုအပ်ကြောင်း ဓာတ်သတ္တုတူးဖော်ထုတ်လုပ်သူဖြစ်ပါက မိမိထုတ်လုပ်သော ဓာတ်သတ္တုကိုရောင်းချခြင်း၊ ထုတ်လုပ်မှုနှင့်တဆက်တည်း စက်ရုံတည်ထောင်၍ သတ္တုသန့်စင်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းလုပ်ကိုင်ရာ၌ ကုန်ချောရောင်းချခြင်း၊ စက်ရုံအတွက် ကုန်ကြမ်းရရှိရန် ကုန်ကြမ်းဝယ်ယူခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ရာတွင် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားရယူရန် မလိုကြောင်း ခွဲခြားပြဋ္ဌာန်းလိုခြင်းဖြစ်ပါတယ်။

ယင်းအကြောင်းအရာကိုပင် ပြည်သူ့လွှတ်တော်ကလည်း ပုဒ်မ ၁၁-ခ ဖြင့် အောက်ပါ အတိုင်းပြင်ဆင်ချက်ဖြင့် အတည်ပြု ပေးပို့လာတာကိုတွေ့ရှိရပါတယ်။ ပုဒ်မ ၁၁-ခ ဓာတ်သတ္တုအား ကိုယ်တိုင်မထုတ်လုပ်ဘဲ ဤဥပဒေပါ ခွင့်ပြုမိန့်ဖြင့် ဓာတ်သတ္တုထုတ်လုပ်သူထံ မှတစ်ဆင့် ဝယ်ယူပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းလုပ်ကိုင် သူသည် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကိုသီးခြားလျှောက်ထားရမည်ဟူ၍ ဖြစ်ပါတယ်။ ဆိုလိုရင်းအဓိပ္ပါယ်မှာ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းလုပ်ကိုင်သူသည် ကိုယ်တိုင်ထုတ်လုပ်သူမဟုတ်ပါက ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ငန်း အတွက် ခွင့်ပြုမိန့်သီးသန့်ရယူရန် ဖြစ်ပါတယ်။ ပုဒ်မ ၁၁-ခ ကို လွယ်ကူပြီး အဓိပ္ပာယ်ရှင်းလင်းအောင် ဖော်ပြလိုပါက အမျိုးသားလွှတ်တော်က အတည်ပြုပေးပို့ခဲ့သည့် ပုဒ်မ ၁၁-ခ ကို ပုဒ်မ ၁၁-ခ အဖြစ်လည်းကောင်း ၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော ပုဒ်မ ၁၁-ခ ကို ပုဒ်မ ၁၁- ဂ အဖြစ်လည်းကောင်း အောက်ပါအတိုင်းဖြည့်စွက်ပါက လွှတ်တော်နှစ်ရပ်က အတည်ပြု ပေးပို့ထားသော ပုဒ်မ ၂ ခုလုံးပါရှိပြီး ပိုမိုကောင်းမွန် ပြည့်စုံသွားမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါတယ်။ ပုဒ်မ ၁၁-ခ ဓာတ်သတ္တုပြုပြင်ဆင်းတက်ခြင်း လုပ်ငန်းလုပ်ကိုင်သူမှအပ ရောင်းချခြင်း နှင့်ဝယ်ယူသူအတွက် ခွင့်ပြုမိန့်ကိုလျှောက်ထားရန်မလို ပုဒ်မ ၁၁- ဂ ဓာတ်သတ္တုအား ကိုယ်တိုင် မထုတ်လုပ်ပဲ ဤဥပဒေပါခွင့်ပြုမိန့်ဖြင့် ဓာတ်သတ္တုထုတ်လုပ်သူထံမှတစ်ဆင့် ဝယ်ယူပြီး ဆင့်တက် ပြုပြင်ခြင်းလုပ်ငန်းလုပ်ကိုင်သူသည် ရောင်းချရခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားလျှောက်ထားရမည်ဟု ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့

ဥပဒေကြမ်း ပုဒ်မ ၁၁-ခ နှင့်စပ်လျဉ်းပြီး ပုဒ်မ ၁၁-ခ နှင့် ပုဒ်မ ၁၁-ဂ တို့အဖြစ် ဖြည့်စွက် အတည်ပြုပေးသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘရန်ရှောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၀။**

**ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဘရန်ရှောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခန်း (၁၁) ရဲ့ခေါင်းစဉ် ပြစ်မှုနဲ့ ပြစ်ဒဏ်များဆိုတဲ့ စကားရပ်နဲ့ ပုဒ်မ ၄ (က) ၊ ပုဒ်မ ၇ (က) တို့နဲ့စပ်လျဉ်းပြီးမှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံးအနေနဲ့ ပြစ်မှုနဲ့ ပြစ်ဒဏ်များဆိုတဲ့ အခန်း (၁၁)ရဲ့ ခေါင်းစဉ်ကိုဆွေးနွေးလိုပါတယ်။ ၁၉၉၄ ခုနှစ် မြန်မာ့သတ္တုတွင်း ဥပဒေမှာ အခန်း (၁၁)ရဲ့ခေါင်းစဉ်ကို ပြစ်မှုနှင့် ပြစ်ဒဏ်များ ဆိုပြီးတော့မှ ဖော်ပြထားတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော်မှလည်း အတည်ပြုပြီး မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း အဲဒီမှာ ပြစ်မှုနဲ့ ပြစ်ဒဏ်များဆိုပြီးတော့မှ ကျွန်တော်တို့ ဖော်ပြထားပြီးဖြစ်ပါတယ်။

အဲဒါကို ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ မြန်မာသတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ပယ်ဖျက်ပြီးတော့မှ တည်ဆဲအတိုင်း ထားရှိရန် ဆိုပြီး မှတ်ချက်ပြုထားပါတယ်။ ယင်းခေါင်းစဉ်ဟာ ကြီးကျယ်စွာလွဲမှားခြင်း မဟုတ်ရင်လည်း အဓိပ္ပာယ် သွေဖီခြင်း မဟုတ်ရင်လည်း ဒါရေးထုံးနဲ့သိပ်မညီတဲ့သဘော သက်ရောက်နေပါတယ်။ ဥပဒေများမှာ ဥပဒေပါ မည်သည့်တားမြစ်ချက်ကို ကျူးလွန်လျှင် ပြစ်မှုမြောက်ကြောင်းနှင့် ပြစ်မှု ကျူးလွန်လျှင် သို့မဟုတ် ယင်းတားမြစ်ချက်ကို ဖောက်ဖျက်လျှင် မည်သည့်ပြစ်ဒဏ် ကျခံရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းတဲ့ ပြစ်မှုနှင့် ပြစ်ဒဏ်များဆိုပြီးတော့မှ အခန်းအမြဲတမ်းရှိပါတယ်။ ရေးထုံးအားဖြင့် ပြစ်မှုနဲ့ ပြစ်ဒဏ်များဆိုပြီး ရေးသားလေ့ရှိပါတယ်။ မူရင်းဥပဒေမှာလည်း ပြစ်မှုများ၊ ပြစ်ဒဏ်များဆိုပြီးမှ ပါရှိနေတာကို ယခုကဲ့သို့ကျွန်တော်တို့ ဥပဒေ ပြင်ဆင်ချိန်မှာ ရေးထုံးအမှန်လို့ ပြင်ဆင်ခဲ့ခြင်းဖြစ်ပါတယ်။ အနီးစပ်ဆုံး ဥပဒေများကိုလေ့လာ ကြည့်တဲ့အခါ ၁၉၉၅ မြန်မာ့ကျောက်မျက်ရတနာဥပဒေမှာလည်း ပြစ်မှုနှင့် ပြစ်ဒဏ်များဆိုပြီးတော့မှ ခေါင်းစဉ်တပ်ထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ လက်လှမ်း မှီရာဥပဒေတွေမှာလည်း ပြစ်မှုနှင့်ပြစ်ဒဏ်များဆိုပြီးတော့မှပဲ တွေ့ရပါတယ်။ပြစ်မှုများ၊ ပြစ်ဒဏ်များဆိုပြီး ကျွန်တော်တို့ သိပ်မတွေ့ရပါဘူး။ အဲဒါကြောင့် အရေးကြီးခြင်း၊ မကြီးခြင်းကို ပဓာနမထားဘဲ ဥပဒေတစ်ရပ်ရေးထုံးအမှန် ဖြစ်စေရန်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့အတိုင်း အခန်း (၁၁) ရဲ့ခေါင်းစဉ်ကို ပြစ်မှုနဲ့ပြစ်ဒဏ်များဆိုပြီးတော့မှ ဆက်လက်အတည်ပြုသင့်ပါကြောင်း တင်ပြ ဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးမှ ပုဒ်မ ၄ (က)နဲ့ ၇(က) ကို ဆက်လက်ဆွေးနွေးလိုပါတယ်။ ပုဒ်မ ၄ (က) နဲ့ ၇ (က) နဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့တဲ့အတိုင်း စွဲမြဲအတည်ပြု

ပေးပါရန် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ခွင့်ပြုမိန့် လျှောက်ထားရယူခြင်းနှင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်းမှာ မြန်မာသတ္တုတွင်းဥပဒေတွင် အတွက်သာမက မြန်မာနိုင်ငံနဲ့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့အခန်း၊ အရေးကြီးတဲ့ဥပဒေ ပြဋ္ဌာန်းချက်များပဲ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ တားမြစ်တဲ့လုပ်ငန်း၊ ကန့်သတ်တဲ့ လုပ်ငန်းလို့ သတ်မှတ် ထားပေးခြင်းဟာ နိုင်ငံသားများကို အထူးအခွင့်အရေးပေးခြင်း ဖြစ်ကြောင်း၊ နိုင်ငံသားများ လုပ်ပိုင်ခွင့်ကို နိုင်ငံခြားသားများ ရယူခံစားသွားမည်ကို ကာကွယ်ပေးခြင်းဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။ တားမြစ်တဲ့လုပ်ငန်း၊ ကန့်သတ်တဲ့လုပ်ငန်းများကို နိုင်ငံတော်နဲ့နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသား ပြည်သူများရဲ့ အကျိုးစီးပွားရှိမည်ဆိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ရယူ၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ခွင့်ပြုပေးရန် ယင်းဥပဒေ ပုဒ်မ ၅ မှာ ပြဋ္ဌာန်းချက်ပါရှိပါတယ်။ ဒါ့အပြင် နည်းဥပဒေ အပိုဒ် ၆ ၌လည်း ထပ်မံပြီးမှ အတိအလင်းပြဋ္ဌာန်းထားရာ တိုင်းရင်းသားပြည်သူများအတွက် အကျိုးရှိမည် ဆိုပါက တားမြစ်ချက်၊ ကန့်သတ်ချက်များကို ထပ်မံ၍ လျှော့ပေါ့စဥ်းစားပေးမယ့် စေတနာများပါဝင်နေတာ တွေ့ရပါတယ်။ ယင်းစေတနာကိုဝိဝါဒ မကွဲပြားရန် အဓိပ္ပါယ် ကောက်မမှားရန် ဥပဒေပုဒ်မ ၄ ၊ ဥပဒေပုဒ်မ ၅ နည်းဥပဒေ ၆ အပိုဒ် ၆ အပိုဒ် ၂၀ တို့၌လည်း အတိအလင်း ပြဋ္ဌာန်းပေးထားပါတယ်။ ဥပဒေ ပြဋ္ဌာန်းချက်က လွန်စွာရှင်းပါတယ်။ နည်းဥပဒေ ၆ အပိုဒ် ၆ အပိုဒ် ၂၀ တို့မှာလည်း ရှင်းလင်းထားပါတယ်။ ဓာတ်သတ္တု အသေးစားနှင့် အလတ်စားထုတ်လုပ်မှု လုပ်ငန်းဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်း ခွင့်မပြုခြင်းကို နိုင်ငံသားတိုင်း သဘောတူ ကြပါတယ်။ ဤကိစ္စအလို့ငှာ နိုင်ငံတော်ရဲ့ စေတနာကိုလည်း နိုင်ငံသားတိုင်း နားလည်ရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၄ မှာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ခွင့်မပြုသောလုပ်ငန်းစာရင်းမှာ ဓာတ်သတ္တုအလတ်စားနှင့် အသေးစားထုတ်လုပ်ခြင်းကိုပဲ ဖော်ပြထားခြင်း အဲဒါဟာ ဥပဒေနဲ့ နည်းဥပဒေကို ကျော်လွန်ပြီးဥပဒေရဲ့ ရည်ရွယ်ချက်၊ နိုင်ငံတော် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အဓိကရည်ရွယ်ချက်များကို ဆန့်ကျင်သွေဖီ ထုတ်ပြန် ထားခြင်းဖြစ်တဲ့အတွက် ပြင်ဆင်ပယ်ဖျက် တည့်မတ်သွားရန် နည်းလမ်းတကျ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဥပဒေကိုကျော်လွန်သော ဥပဒေကို ပိတ်ပင်ဟန့်တားသော အမိန့်ကြော်ငြာစာများ တည်မြဲနိုင်မှာ မဟုတ်ပါဘူး။ တားမြစ်တဲ့လုပ်ငန်း ၊ ကန့်သတ်တဲ့လုပ်ငန်းဖြစ်လျှင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဖြင့် ဖက်စပ်လုပ်ကိုင်လိုပါက နည်းဥပဒေ အပိုဒ် ၂၀ ပြဋ္ဌာန်းချက်ရဲ့ ရင်းနှီးမြှုပ်နှံမှု ရာခိုင်နှုန်း သတ်မှတ်ချက် ဘောင်ထဲမှာ လုပ်ကိုင်ခွင့်ရှိတယ်။ အဲဒါကို အများပြည်သူနားလည်ကြပါတယ်။

ဤနေရာမှာ ဓာတ်သတ္တုအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပါဝင်ခွင့်မှာ နိုင်ငံခြားသားရဲ့ ရွေးချယ်ခွင့်မရှိပါဘူး။ နိုင်ငံသား များလုပ်ကိုင်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် မိမိတို့နိုင်ငံသားများရဲ့ ရွေးချယ်မှုသာ အဓိကကျပါတယ်။ နိုင်ငံသားဟာ ဓာတ်သတ္တုအသေးစား၊ အလတ်စား ထုတ်လုပ်မှုကို တစ်ဦးတည်း ကုမ္ပဏီ တစ်ခုတည်းလည်း လုပ်နိုင်တယ်။ နိုင်ငံသားကုမ္ပဏီအချင်းချင်းပူးပေါင်းပြီးမှလည်း လုပ်ကိုင်လိုလျှင် အတားအဆီးမရှိ လုပ်ကိုင်နိုင်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ခေတ်မီနည်းပညာများ ရယူလိုပါက နိုင်ငံခြားနဲ့ ၈၀ အချိုး ၂၀ ဖက်စပ်လုပ်ကိုင်မယ်ဆိုလည်း ဥပဒေနဲ့ ညီပါတယ်။ အဲဒါကြောင့် နိုင်ငံသားကသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူနှင့် ပေါင်းမယ်မပေါင်းဘူးဆိုတာကို ဖက်စပ်လုပ်ကိုင်မယ် မလုပ်ကိုင်ဘူး ဆိုတာကို နိုင်ငံသားရဲ့ ရွေးချယ်မှု၊ နိုင်ငံသားရဲ့ အခွင့်အရေးသာဖြစ်၍ နိုင်ငံခြားသားများ လက်ဝါးကြီး

အုပ်မှာကို စိုးရိမ်စရာမလိုပါဘူး။ ဓာတ်သတ္တုအသေးစားနှင့် အလတ်စားကဏ္ဍ စီးပွားရေးလုပ်ငန်းများကို နိုင်ငံသားများနှင့် ရင်းနှီးမြှုပ်နှံမှု ၈၀ း၂၀ ဖြင့် ဖက်စပ် လုပ်ကိုင်ခွင့်ပြုခြင်းဟာ နိုင်ငံသားများအတွက် အကျိုးရှိမယ့်လုပ်ငန်းဖြစ်ပါတယ်။ အကျိုးပစ္စည်းထိခိုက် နစ်နာမှုမရှိပါဘူး။ ဒ့ါအပြင် တားမြစ်တဲ့လုပ်ငန်း ဒါမှမဟုတ် ကန့်သတ်တဲ့လုပ်ငန်း ဖြစ်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါရှိရင် ပုဒ်မ ၄ (က) အရ လျှောက်ထားသော်လည်း ဝန်ကြီးဌာနက ခွင့်ပြုချက် ချမှတ်ပေးခြင်းကိုမူ ပုဒ်မ ၇ (က)အရ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီမှုရယူပြီးမှ ခွင့်ပြုမိန့်ထုတ်ပေးမှာ ဖြစ်တယ်။ အဲဒါ နိုင်ငံသားများအတွက် လုံလောက်တဲ့ အကာအကွယ် ဖြစ်စေပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့အတိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော ဓာတ်သတ္တု ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းများကို ဝန်ကြီးဌာနသို့ လျှောက်ထားရန်နှင့် ပြဋ္ဌာန်းချက် ၄ က နောက်ပြီးတော့ ရင်းနှီးမြှုပ်နှံသူက ယင်းသို့ လျှောက်ထားလာခြင်းကို သတ္တုတွင်းဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဲဒီ ပြဋ္ဌာန်းချက် ပုဒ်မ ၄ (က) ၊ ၇ (က) တို့ကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့အတိုင်း ဆက်လက် အတည်ပြုပေးနိုင်ရန်အတွက် ဆွေးနွေးတင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅) မိနစ်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၃း၅၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၃း၅၀)နာရီအချိန်တွင် ရပ်နားပြီး (၁၄း၀၅)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၀၅။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၄း၀၈။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာ့ သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၃၅-ကကို အမျိုးသားလွှတ်တော်က ပြင်ဆင်ဖြည့် စွက်ချက်အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ဖို့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ကို ဘာကြောင့်ထောက်ခံရသလဲဆိုရင် ကျွန်တော်တို့ အမျိုးသား လွှတ်တော် သတ္တုနဲ့ သယံဇာတကော်မတီက မြေပြင်အခြေအနေကို ကွင်းဆင်းလေ့လာသုံးသပ်ခြင်း၊ လုပ်ငန်းရှင်များနဲ့ ဆွေးနွေးခြင်း၊ ဥပဒေအကြံပြုပညာရှင်များနဲ့ ညှိနှိုင်းတိုင်ပင်ခြင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှာ ဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ကော်မတီဝင်များ ကြားနာမှုပြုလုပ်ခြင်း အဆင့်ဆင့် ဆောင်ရွက်ပြီး ထွက်ရှိလာတဲ့ ဥပဒေကြမ်းတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ပြင်ဆင်ဖြည့်စွက် အတည်ပြုချက်ကို Power point နဲ့ တင်ပြထားပါတယ်။ အမျိုးသားလွှတ်တော်က ဖြည့်စွက်အတည်ပြုချက် ပုဒ်မ ၃၅-က အရ သတ္တုလုပ်ငန်းရှင်များနဲ့ နိုင်ငံတော်တို့ ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ကိုင်ခြင်းအတွက် ခွဲဝေမှုအချိုးကို တိကျတဲ့ခွဲဝေမှုအချိုး စနစ်(၃)မျိုးနဲ့ အဓိပ္ပာယ်ဖွင့်ဆို ထားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အဲဒီစနစ်တွေကတော့ (က) ထုတ်လုပ်မှုအတွက် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာကုန်ကျစရိတ်များ အပါအဝင် စရိတ်များခွဲဝေကျခံပြီး ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ်၊ (ခ) အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ်၊ (ဂ) နှစ်ဦးနှစ်ဖက် အရင်းအနှီး ထည့်ဝင်မှုအပေါ် အမြတ်ခွဲဝေမှုစနစ်တွေပဲ ဖြစ်ပါတယ်။

ဒီစနစ်တွေကို ဥပဒေမှာပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက်မှသာ ပုဒ်မ ၃၅-က ကို ဆက်လက် အတည်ပြုပေးနိုင်မှသာ အကျိုးကျေးဇူးအားဖြင့် (က) သယံဇာတအရင်း အမြစ်များကို ပြည်သူများခွဲဝေ ခံစားမှုအကျိုးရရှိစေရေး၊ (ခ) လုပ်ငန်းရှင်များ ပွင့်လင်းမြင်သာစွာ လုပ်ကိုင်လာနိုင်ခြင်း၊ (ဂ) နိုင်ငံတော် နှင့် လုပ်ငန်းရှင် ခွဲဝေရရှိသော အကျိုးအမြတ်မှာ ထုတ်လုပ်မှုစရိတ်ကာမိပြီး လုပ်ငန်းရှင်သန်ဖွံ့ဖြိုးမှုကို အားပေးအထောက်အကူ ရနိုင်ခြင်း၊ (ဃ) သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် ရန်ပုံငွေပြည့်ဝစွာ ထားရှိဆောင်ရွက်ခြင်း၊ (င) ပူးပေါင်းလုပ်ကိုင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ ပြည်ပရင်းနှီးမြှုပ်နှံသူများရှိပါက ပွင့်လင်းမြင်သာသော Win Win အခြေအနေဖြင့်ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုချက်မှာ Power point နဲ့ တင်ပြထားတဲ့အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၃၅-က နေရာမှာ ပုဒ်မ ၃၆ အဖြစ် ဓာတ်သတ္တု ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် ဖက်စပ် သို့မဟုတ် အကျိုးတူ လုပ်ကိုင်ခြင်းအတွက် နှစ်ဖက်သဘောတူညီချက်ဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည် ဆိုပြီးတော့မှ ရေးဆွဲအတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော် အတည်ပြုချက် ပုဒ်မ ၃၆ မှာ ပါရှိတဲ့ နှစ်ဖက်သဘောတူညီချက်နဲ့ တည်ဆဲဥပဒေများနှင့်အညီဆိုတဲ့ စကားရပ်ဟာ အပေါ်ယံအားဖြင့်

သင့်တော်ကောင်းမွန်တယ်လို့ ဆိုရပေမယ့် ယေဘုယျသဘောမျိုး ဆန်နေတာကို တွေ့ရှိရပါတယ်။ လုပ်ငန်းရှင်တစ်ဦးချင်း ပုံစံအသီးသီးချုပ်ဆိုပြီး သတ္တုတွင်းဝန်ကြီးဌာနမှ အကျိုးတူ ဖက်စပ်စာချုပ်များဟာ အမျိုးမျိုးကွဲပြားနိုင်ပြီး ခွဲဝေမှုစနစ်လည်း အမျိုးမျိုးကွဲပြားနိုင်ပါတယ်။

ဒါ့အပြင် တည်ဆဲဥပဒေများနှင့်အညီဆိုတဲ့ စကားရပ်ဟာ ဥပဒေကို တိကျစွာညွှန်းဆို ထားခြင်းမရှိ၊ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေပြီး လုပ်ငန်းရှင်နှင့် ဝန်ကြီးဌာနတို့ စာချုပ်များချုပ်ဆိုရာမှာ ပုံစံအမျိုးမျိုးနှင့် ချုပ်ဆိုမည့်သဘော သက်ရောက်နေပါတယ်။ ကျွန်တော့်အနေနဲ့ ဆွေးနွေးလိုတာကတော့ သတ္တုနဲ့သက်ဆိုင်တဲ့ မြန်မာ့သတ္တုတွင်း ဥပဒေ ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်ရပါမယ်။ ရေနံသဘာဝဓာတ်ငွေ့ စာချုပ်များဟာ သူ့ သက်ဆိုင်ရာ ရေနံသဘာဝဓာတ်ငွေ့ ဥပဒေနဲ့အညီဖြစ်ရပါမယ်။ အခြားတည်ဆဲဥပဒေများနဲ့ လိုက်ညီဖို့ မလိုတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်တဲ့ ဥပဒေနဲ့သာ ညီညွတ်ရမှာဖြစ်တာကြောင့် တည်ဆဲဥပဒေများနှင့် အညီဆိုတဲ့ စကားရပ်မှာ ပိုမိုရှုပ်ထွေးစေရုံသာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်နှင့် နိုင်ငံသား၊ နိုင်ငံတော်နှင့် နိုင်ငံခြားသား၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုတို့ အကျိုးတူ သို့မဟုတ် ဖက်စပ်လုပ်ကိုင်မယ်ဆိုရင် မိမိတို့နိုင်ငံနှင့် သင့်လျော်မယ့် မိမိတို့စီးပွားရေးစနစ်နဲ့ ကိုက်ညီတဲ့ စနစ်တွေ၊ နိုင်ငံတကာမှ လက်ခံနိုင်မယ့်စနစ်တွေ လက်တွေ့ အသုံးပြုနိုင်မှာဖြစ်တာကြောင့် ဥပဒေ ပြဋ္ဌာန်းစဥ်ကပင် အတိအလင်းဖွင့်ဆိုခြင်းက အကောင်းဆုံးဖြစ်ပါတယ်။

စာချုပ်ချုပ်ဆိုတဲ့အချိန်မှ နှစ်ဖက်သဘောတူညီသည့်စနစ် ဆွေးနွေးညှိနှိုင်းရခြင်းထက် သတ်မှတ်ထားတဲ့စနစ်မှ မိမိနဲ့ ကိုက်ညီမယ့်စနစ်ကို ရွေးချယ်ချုပ်ဆိုခြင်းက နှစ်ဦးနှစ်ဖက်အတွက် ပိုမိုရှင်းလင်းလွယ်ကူစေပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီးဖြစ်တဲ့ သတ္တုတွင်းဥပဒေ ပုဒ်မ ၃၅-က ဖြည့်စွက်အတည်ပြုချက်ကို ဆက်လက်အတည်ပြုပေးနိုင်ဖို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၅။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း ကတော့ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင့်သည့် ဥပဒေ ပုဒ်မ ၄(က)၊ ပုဒ်မ ၆ ၊ ပုဒ်မ ၆-က၊ ပုဒ်မ ၃၅-က တို့နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့သည့်အတိုင်း ဆက်လက်အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၄(က)ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း၊ အလတ်စား ထုတ်လုပ်ခြင်း၊ အသေးစား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းများ လုပ်ကိုင် ခွင့်ပြုမိန့် ရရှိရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန် ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ (၃)အမျိုးသား

လွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၄ (က)ရဲ့ ပိုမိုအကျိုးပြုနိုင်မှု အားသာချက်မှာ (က) သတ္တု၊ စက်မှုသတ္တုတွင်းထွက်ကုန်ကြမ်း၊ ကျောက်တို့နှင့် စပ်လျဉ်း၍ အကြီးစားအဆင့်၊ အလတ်စားအဆင့်၊ အသေးစားအဆင့် (၃)မျိုးလုံးကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းလုပ်ကိုင်ခွင့် ရရှိစေပါသည်။ (ခ) ဓာတ်သတ္တုများ နှင့် စပ်လျဉ်း၍ အကြီးစားအဆင့်လုပ်ငန်း လုပ်ကိုင်ခြင်းကို သတ္တုတွင်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး ခွင့်ပြုမိန့်ချမှတ်ဆောင်ရွက်ပေးခြင်းဖြစ်၍ စီးပွားရေးစီမံကိန်းကို ပိုမိုခိုင်မာ လေးနက်စေပါသည်။ (ဂ) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်း/ပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်ဟူသော နိုင်ငံတော်၏ သတ္တုသယံဇာတကဏ္ဍ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ ရောက်ပါသည်။ (ဃ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခွင့် ရရှိစေပါသည်။ (င) ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ခေတ်မီနည်းပညာများ ရရှိစေပါသည်။

၄။ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့် ပုဒ်မ ၄(က)မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းတို့အတွက် ဝန်ကြီးဌာနသို့ လျှောက်ထားရန် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပုဒ်မ ၄(က)၏ အကျိုးသက်ရောက်မှု အားနည်းချက်မှာ (က) ဓာတ်သတ္တုအလတ်စားနှင့် အသေးစားထုတ်လုပ်မှုကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းဖက်စပ် လုပ်ကိုင်ခွင့် ဆုံးရှုံးစေပါသည်။ (ခ) ဓာတ်သတ္တုအလတ်စားနှင့် အသေးစားကဏ္ဍတွင် ထုတ်လုပ်မှုတို့ အပြင်ကျန်ရှိသည့် ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းများတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရရှိမည့် အခွင့်အရေးဆုံးရှုံးစေပါသည်။ (ဂ) ဖြစ်ပေါ်လာမည့် မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေသည် အခြားတည်ဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ကို ဆန့်ကျင်လျက် ဥပဒေချင်းပဋိပက္ခဖြစ်မှု တွေ့ကြုံစေမည် ဖြစ်ပါတယ်။သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုထားပြီးဖြစ်သည့် ပုဒ်မ ၄(က)ကို အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးတင်ပြအပ်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်သတ္တုအလတ်စားနှင့် အသေးစားထုတ်လုပ်ခြင်း ခွင့်ပြုမိန့်နှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြလိုသည်မှာ ခွင့်မပြုသည့် လုပ်ငန်းဆိုသည်မှာ ဥပဒေတွင် မပါရှိခဲ့ပါ။ ဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းထားခြင်းလည်း မရှိပါ။ ၂၀၁၂ ခုနှစ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ အခန်း(၇)၊ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့တွင်လည်း ကော်မရှင်သည် အခန်း(၂)ပါ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအနက် လုပ်ကိုင်ခွင့်ပြုရန် ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း ထုတ်ပြန်နိုင်သည်ဟု လည်းကောင်း၊ ထုတ်ပြန်ရန် တာဝန်ပေးအပ်ထားသည်ဟု လည်းကောင်း မပါရှိပါ။ ယခုအမိန့်ကြော်ငြာစာကို ထုတ်ပြန်နိုင်ရန်အတွက် နည်းဥပဒေရေးဆွဲရာတွင် အပိုဒ် ၄၊ ၅ တို့ကို ထည့်သွင်း လုပ်ပိုင်ခွင့်ရယူဆောင်ရွက်ကြောင်း သိရှိရပါသည်။ ဥပဒေက ပေးသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်များမရှိဘဲ အမိန့်

ကြော်ငြာစာ ၁/၂၀၁၃၊ ၄၉/၂၀၁၄ တို့ဖြင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ခွင့်မပြုသည့် စီးပွားရေး လုပ်ငန်း အမျိုးအစားစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

၎င်းအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တားမြစ်သည့် လုပ်ငန်းနှင့် ကန့်သတ်သည့် လုပ်ငန်းကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်နိုင်ခွင့် နည်းဥပဒေ အပိုဒ် ၂၀ ကို လွှမ်းမိုးပယ်ဖျက်ရန်အတွက် ယင်းအမိန့် ကြော်ငြာစာ ၄၉/၂၀၁၄ တွင် နိုင်ငံသားနှင့် ဖက်စပ်စနစ်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေး လုပ်ငန်းများ စာရင်းနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစား စာရင်းတို့ကို ထုတ်ပြန်ခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ တားမြစ်သည့် လုပ်ငန်း၊ ကန့်သတ်သည့် လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ရှိသည့် ဥပဒေနှင့် နည်းဥပဒေများကို အမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်နိုင်ခြင်း မရှိပါ။ နည်းဥပဒေသည် ဥပဒေကို အထောက်အကူမပြုခြင်း၊ အမိန့်ကြော်ငြာစာသည် နည်းဥပဒေပြဋ္ဌာန်း ချက်ကို ဟန့်တားပိတ်ပင်လျက်ရှိခြင်း၊ အမိန့်ကြော်ငြာစာသည် ဥပဒေနှင့် နည်းဥပဒေကို ကျော်လွန်၍ ဥပဒေပြဋ္ဌာန်းချက်ကို ဆန့်ကျင်လျက်ရှိခြင်းမှာ ပြန်လည်တည့်မတ်ပေးရမည့် သီးခြားပြဿနာသာလျှင် ဖြစ်ပါသည်။ ဥပဒေအရ ရရှိသော အခွင့်အရေးများကို ပယ်ဖျက်ပစ်နိုင်မည် မဟုတ်ပါ။ ဓာတ်သတ္တု အလတ်စားနှင့် အသေးစားထုတ်လုပ်မှု လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (၈၀း၂၀)ဖြင့် လုပ်ကိုင်ခွင့်ရှိသည်ဖြစ်၍ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်ရေးဆွဲရာတွင် အလတ်စားနှင့် အသေးစားကဏ္ဍကို ပါဝင်စေရမည်သာဖြစ်ပါသည်။

ပုဒ်မ ၆၊ ပုဒ်မ ၆-က တို့နှင့် စပ်လျဥ်း၍ ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က အတည်ပြုထားသော ပုဒ်မ ၆ ကတော့ မြေရှားသတ္တု၊ ရှားပါး သတ္တုနှင့် ရေဒီယိုသတ္တိကြွသတ္တုတို့မှအပ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက် များနှင့်စပ်လျဥ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အသေးစား ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ဖွဲ့စည်းထားသော လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဟူ၍ ဖြစ်ပါသည်။

အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် ပုဒ်မ ၆ ၏ ပိုမိုအကျိုးပြုနိုင်မှု အားသာချက် များမှာ (က) ဓာတ်သတ္တု အသေးစားလုပ်ကိုင်သူများ၊ လက်လုပ်လက်စား ထုတ်လုပ်သူများ အနေဖြင့် မိမိ တို့နှင့် အနီးဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုပ်ကွက်များ လျှောက်ထားနိုင်၊ ခွင့်ပြုချက် ရယူနိုင် သဖြင့် အချိန်ကုန် ငွေကုန်သက်သာစေပါသည်။ (ခ) ခွင့်ပြုမိန့်ရယူရန် ကျော်ဖြတ်ရသည့် အဆင့် မများပြားခြင်း၊ စရိတ်ကုန်ကျမှု အလွန်မများခြင်း၊ မိမိတို့ လက်လှမ်းမီသည့် မိမိတို့၏ ဒေသတွင်း၌ပင် ခွင့်ပြုမိန့် လျှောက်ထားရရှိနိုင်ခြင်းကြောင့် တိုင်းရင်းသားပြည်သူများ ဓာတ်သတ္တု ကဏ္ဍလုပ်ငန်း လုပ်ကိုင်မှု တိုးပွားလာစေသည့် အကျိုးကျေးဇူးရရှိစေပါသည်။ (ဂ) တိုင်းရင်းသားပြည်သူများ ဓာတ်သတ္တုတွင် အသေးစားကဏ္ဍနှင့် လက်လုပ်လက်စားကဏ္ဍတို့တွင် ပိုမိုဝင်ရောက် လုပ်ကိုင် လာခြင်းဖြင့် မိသားစုဝင်ငွေ တိုးတက်ရရှိစေပါသည်။ (ဃ) လုပ်ငန်းရှင်များ အရေအတွက် များပြားလာသည့်အပေါ်တွင် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေပါသည်။ (င)

အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိစေခြင်း အားဖြင့် မိမိတို့နိုင်ငံသားများ ပြည်ပသို့ တရားဝင်၊ တရားမဝင်သွားရောက်၍ နိမ့်ကျသော အလုပ်အကိုင် များ လုပ်ကိုင်ရခြင်း၊ လူကုန်ကူးခံရခြင်းစသည့် အန္တရာယ်များ လျော့နည်းပပျောက် သွားစေပါမည်။ (စ) နယ်စပ်မှတစ်ဆင့် နည်းအမျိုးမျိုးဖြင့် သယ်ယူတင်ပို့ရောင်းချခြင်းတို့ကြောင့် ပတ်ဝန်းကျင် အိမ်နီးချင်း နိုင်ငံများသာလျှင် စီးပွားဖြစ်ထွန်းကြပြီး၊ မိမိတို့နိုင်ငံတော်အတွက် အခွန်အခများ ရရှိစေနိုင်မှု ဆုံးရှုံးခြင်း၊ တရားမဝင်တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူရောင်းချခြင်းများကိုလည်း ကာကွယ်တားဆီးပေးနိုင်ခြင်း စသည့် အားသာချက်များ ရရှိစေပါသည်။

၃။ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပုဒ်မ ၆ ၏ အကျိုးသက်ရောက်မှု အားနည်းချက်များမှာ (က) လက်လုပ်လက်စားကိုသာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် လျှောက်ထားခွင့်ရှိခြင်းဖြစ်၍ အသေးစားလုပ်ကိုင်သူများမှာ ယခင်ကအတိုင်း ခွင့်ပြုမိန့်ရရှိရန် အခက်အခဲများ ဆက်လက်ရင်ဆိုင်ရမည် ဖြစ်ပါသည်။ (ခ) မည်သည့်ဒေသမှ အသေးစားလုပ်ငန်းရှင်မဆို နေပြည်တော်အထိ သွားရောက် လျှောက်ထားရခြင်း၊ ခွင့်ပြုမိန့် ရယူနိုင်ရန် အထက်အောက်၊ ဘေးဘယ်ညာ အပြန်အလှန် အဆင့်များစွာ ဖြတ်သန်းရခြင်းကြောင့် လုပ်ငန်းစတင် လုပ်ကိုင်လိုစိတ်ကို ချိုးနှိမ်ရာ ရောက်ပါသည်။ (ဂ) လုပ်ငန်းရှင်များ တိုးပွားလာမှုမရှိလျှင် အလုပ်အကိုင် အခွင့်အလမ်းလည်း တိုးတက်ရရှိနိုင်မည် မဟုတ်ပါ။ (ဃ) ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း မတိုးတက်လျှင် ဆင်းရဲမှု လျှော့ချနိုင်မည် မဟုတ်ပါ။ (င) အလုပ်အကိုင်အတွက် အိမ်နီးချင်းတိုင်းပြည်များသို့ နည်း အမျိုးမျိုးဖြင့် ထွက်ခွာနေကြရသဖြင့် နိုင်ငံတော်၏ လုပ်အားရှင်များ ဆုံးရှုံးနေမှုကို ကာကွယ် တားဆီးနိုင်မည် မဟုတ်ပါ။ (စ) ၎င်းအပြင် လက်လုပ်လက်စား ခွင့်ပြုမိန့်အတွက် လျှောက်ထားရန် ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသီးသီးရှိ အရာရှိဟု ပြဋ္ဌာန်းထားရာ ဝန်ကြီးဌာန အောက်ရှိ ဌာနနှင့် ဝန်ထမ်းသာဖြစ်ခြင်းကြောင့် အထက်သို့တင်ပြခြင်း၊ ဝန်ကြီးဌာန၏ သဘောထားရယူရခြင်းများ လုပ်ထုံးများဖြင့် လမ်းဟောင်းကို ပြန်လျှောက်ခြင်းသာ ဖြစ်ပါသည်။ ခွင့်ပြုမိန့် မြန်မြန်ဆန်ဆန်နှင့် လွယ်လွယ်ကူကူ ရရှိနိုင်ရေးကို အကျိုးမပြုနိုင်ပါ။ (ဆ) လုပ်ကိုင်ခွင့်လျှောက်ထားနိုင်သည့် ဓာတ်သတ္တု အမျိုးအစားများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များဟု ကန့်သတ်ထားသည်မှာ တိကျရေရာမှု မရှိပါ။ မည်သည့်ဓာတ်သတ္တု ထုတ်လုပ်ခွင့်ရရှိမည်ကို မသိနိုင်၍ မရှင်းလင်းသော ဥပဒေ ဖြစ်နေပါ သည်။

သို့ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုသည့် ပုဒ်မ ၆ ကို ဆက်လက် အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေး တင်ပြအပ်ပါသည်။

အမျိုးသာလွှတ်တော်က အတည်ပြုထားတဲ့ ပုဒ်မ ၆-က တို့နှင့်စပ်လျဉ်း၍ တင်ပြလိုသည်မှာ ပုဒ်မ ၆-က သည် ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ကိုင်ခွင့် လျှောက်ထားခြင်းကို စိစစ်ထုတ်ပေးမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့၏ ဖွဲ့စည်းပုံ ဖြစ်ပါသည်။ ယင်းအဖွဲ့သည် ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာနမှ ဖွဲ့စည်းတာဝန်ပေးအပ်ချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစားနှင့် လက်လုပ်လက်စားလုပ်ကိုင်ခွင့်ပြုမိန့်လျှောက်ထားခြင်းကို လက်ခံစိစစ် ခွင့်ပြုမိန့် ထုတ်ပေးသွားမည် ဖြစ်ပါသည်။

ပုဒ်မ ၆-က ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားရေးအဖွဲ့၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သတ္တုဝန်ကြီး ဥက္ကဋ္ဌ။ (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်။ (၃) အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန မှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်။ (၄) ကြေးတိုင်နှင့် မြေစာရင်းဌာနမှ ကိုယ်စားလှယ် တစ်ဦး အဖွဲ့ဝင်။ (၅) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်။ (၆) သတ္တုတွင်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး အတွင်းရေးမှူးတို့ ဖြစ်ကြပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် ပုဒ်မ ၆-က ပိုမိုအကျိုးပြုနိုင်မှု အားသာချက် မှာ (က)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၅၉ အရ ဆောင်ရွက်ခြင်းဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ခြင်း။ (ခ) ဓာတ်သတ္တုကဏ္ဍကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ သတ္တုတွင်းဝန်ကြီးက ဦးဆောင်၍ ကြေးတိုင် နှင့် မြေစာရင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စု သတ္တုတွင်းဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ဖွဲ့စည်းပါဝင်ခြင်းကြောင့် ခွင့်ပြုမိန့်ကို Onestop Service ကဲ့သို့ ဆောင်ရွက်ပေးနိုင်ခြင်း။ (ဂ) ခွင့်ပြုမိန့်ချထားခြင်းကို တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆုံးဖြတ်ခြင်း မဟုတ်ဘဲ အဖွဲ့ဖြင့် ဆောင်ရွက်ခြင်းကြောင့် ပိုမိုကောင်းမွန်မှန်ကန်စွာ ဆုံးဖြတ်ပေးနိုင်ခြင်း။ (ဃ) ခွင့်ပြု မိန့်ရရှိလုပ်ကိုင်သော လုပ်ငန်းသည် ခွင့်ပြုမိန့်ထုတ်ပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းမှာပင်ရှိသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့များက လုပ်ငန်းကို အနီးကပ်ကြီးကြပ်နိုင်ခြင်းနှင့် ယင်း လုပ်ငန်းများမှ နိုင်ငံတော်အတွက် အခွန်အခများ ပြည့်ပြည့်ဝဝနှင့် မှန်မှန်ကန်ကန်ရအောင် အထောက်အကူပေးနိုင်ခြင်းစတဲ့ အားသာချက်များ ရှိပါသည်။

ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်မှ အတည်ပြုသည့် ပုဒ်မ ၆-က ကို ပယ်ဖျက် ထားပါသည်။ ပြည်သူ့လွှတ်တော်မှ အတည်ပြုထားသည့် ပုဒ်မ ၆ အရပင် သတ္တုတွင်းဦးစီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသီးသီး၏ အရာရှိကိုသာ လုပ်ပိုင်ခွင့်ပေးခြင်းပါသည်။

အထက်အပိုဒ် ၂ (က)၊ (ခ)၊ (ဂ)၊ (ဃ) တို့တွင် ဖော်ပြပါရှိသော အားသာချက်များကို ထောက်ရှု၍ အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့် ပုဒ်မ ၆-က ကို ဆက်လက် အတည်ပြုပေးပါ ရန် ဆွေးနွေး တင်ပြအပ်ပါသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်မှ အတည်ပြုသည့် ပုဒ်မ ၃၅ -က နှင့် ယင်းကို ပြင်ဆင် ချက်ဖြင့် အတည်ပြု၍ ပြန်လည်ပေးပို့လာသည့် ပြည်သူ့လွှတ်တော်၏ ပုဒ်မ ၃၆ နှင့် စပ်လျဉ်း၍ ဆွေးနွေး သွားပါမည်။ (၁) အမျိုးသားလွှတ်တော်မှ အတည်ပြုသည့် ပုဒ်မ ၃၅-က မှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။ ပုဒ်မ ၃၅-က က ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့် ရရှိသော လုပ်ငန်းရှင်နှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်း လုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ အပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်

စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက် ထည့်ဝင်မှု အပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင်ရမည်ဟူ၍ ဖြစ်ပါသည်။

(၂) အမျိုးသားလွှတ်တော်မှ အတည်ပြုသည့် ပုဒ်မ ၃၅-က ၏ ပိုမိုအကျိုးပြုနိုင်မှု အားသာချက်မှာ (က) နိုင်ငံသားလုပ်ငန်းရှင်များ သို့မဟုတ် နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်လိုသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံတော်နှင့် ဓာတ်သတ္တုလုပ်ငန်း အကျိုးတူလုပ်ကိုင်နိုင်သည့် နည်းလမ်း (၃)ချက်ကို ဥပဒေနှင့် ပြဋ္ဌာန်းထားပေးခြင်းကြောင့် ဥပဒေကို ပွင့်လင်းမြင်သာမှု ရှိစေပါသည်။ (ခ) ယခင်က ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ကိုသာလျှင် လက်ခံကျင့်သုံးခဲ့၍ မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍ စီးပွားရေးဦးမမော့နိုင်ခဲ့ခြင်း၊ မြန်မာ့သတ္တုသယံဇာတကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရှင်သန်အောင် မဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကို တစ်ခေတ်ပြောင်းစေ၍ မြန်မာ့သတ္တုကဏ္ဍစီးပွားရေးအားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရရှိစေပါသည်။ (ဂ) နိုင်ငံတော်ဖက်မှလည်း စရိတ်မျှဝေကျခံပေးအပ်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများကို လုပ်ငန်းရှင်များဖက်မှ ပိုမိုလုပ်ဆောင်နိုင်ပြီး ပိုမိုကောင်းမွန်သည့် စနစ်များကျင့်သုံးဆောင်ရွက်စေနိုင်ပါသည်။ (ဃ) အကျိုးအမြတ်ပေါ် ခွဲဝေခံစားသည့်စနစ်ဖြစ်လျှင် ထုတ်လုပ်မှုစရိတ်ကို ခုနှိမ်ခွင့်ရခြင်းကြောင့် လုပ်ငန်းရှင်များ ထိုက်သင့်သော အကျိုးအမြတ်ခံစားရနိုင်ပြီး၊ နိုင်ငံတော်သို့ အခွန်ပိုမိုပေးဆောင်နိုင်ခြင်း၊ လုပ်ငန်းများတိုးချဲ့နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေပါသည်။

(င) နှစ်ဦးနှစ်ဖက် ထည့်ဝင်မှုအပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြစ်လျှင် နိုင်ငံတော်မှ ထည့်ဝင်မှုနှင့် လုပ်ငန်းရှင် ကန်ထရိုက်တာမှ ထည့်ဝင်မှု အချိုးအတိုင်း ထုတ်လုပ်မှုစရိတ်ကို ခွဲဝေကျခံခြင်း၊ အကျိုးအမြတ်ကို ခွဲဝေရယူခြင်းအားဖြင့် နိုင်ငံတကာ၏ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းကို လိုက်နာကျင့်သုံးရာရောက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည့် အကျိုးကျေးဇူးရရှိစေပါသည်။ (စ) ဓာတ်သတ္တုလုပ်ငန်းမှ မှန်မှန်ကန်ကန် အကျိုးအမြတ်ရှိပြီး ပွင့်လင်းမြင်သာသော ဝင်ငွေကို ပြသနိုင်လျှင် နိုင်ငံသားလုပ်ငန်းရှင်များ ဂုဏ်သိက္ခာရှိစွာ နိုင်ငံခြားနှင့် အရင်းအနှီး၊ နည်းပညာများ ပူးပေါင်းစေနိုင်မည် ဖြစ်ပါသည်။ (ဆ) ဓာတ်သတ္တုသယံဇာတကဏ္ဍမှ GDP တိုးတက်လျှင် နိုင်ငံတော်သည် ဆင်းရဲသော နိုင်ငံစာရင်းမှ လျင်လျင်မြန်မြန် လွတ်မြောက်စေမည် ဖြစ်ပါသည်။

၃။ အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့သည့် ပုဒ်မ ၃၅-က အပေါ် ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် ပုဒ်မ ၃၆ ကို ရှင်းလင်းပြပါမည်။ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် ပုဒ်မ ၃၆ မှာ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသူနှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် နှစ်ဖက်သဘောတူညီချက်ဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်ဟူ၍ ဖြစ်ပါသည်။

၄။ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် ပုဒ်မ ၃၆ ၏ အကျိုးသက်ရောက်မှု အားနည်းချက်မှာ (က) အကျိုးတူလုပ်ငန်းကို နှစ်ဖက်သဘောတူညီချက်ဖြင့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်မည်ဆိုခြင်းကြောင့် စာချုပ် ချုပ်ဆိုသည့်စနစ် တိတိကျကျ မရှိနိုင်ပါ။ (ခ) နှစ်ဖက်သဘောတူညီချက် ဟုဆိုသဖြင့် လုပ်ငန်းရှင်တစ်ဦးနှင့်တစ်ဦး နိုင်ငံတော်နှင့် အကျိုးတူလုပ်ကိုင်မည့်စနစ်သာမက ခွဲဝေခံစားသည့် စနစ်အချိုးများလည်း ညီမျှနိုင်မည်မဟုတ်ပါ။ (ဂ)

ထုတ်လုပ်မှုစရိတ် ခုနှိမ်ခွင့်နှင့် ခွဲဝေကျခံမှုကို ဥပဒေပြဋ္ဌာန်းစဉ်က အတိအလင်း ဖော်ပြခြင်းမရှိပါက လက်တွေ့တွင် အကျိုးတူစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းရာတွင် အခက်အခဲ တွေ့ကြုံရမည် ဖြစ်ပါသည်။ (ဃ) ဥပဒေသည် ကောင်းနေရုံနှင့်မပြီး၊ လိုက်နာဆောင်ရွက်နိုင်မှသာ လက်တွေ့အကောင်အထည် ဖော်နိုင်မည် ဖြစ်ခြင်းကြောင့် လက်တွေ့လိုက်နာနိုင်မှု ရှိမည်၊ မရှိမည်ကို ဤပုဒ်မ ၃၆-က သုံးသပ်ဆုံးဖြတ်ရန် ခက်ခဲနေပါသည်။ (င) ပုဒ်မ ၃၅ နောက်တွင် စပ်ဆိုင်မှုရှိသော ပုဒ်မတစ်ခု ဖြည့်စွက်လို၍ ပုဒ်မ ၃၅-က အရ ဖြည့်စွက်ထားသည်ကို ပြည်သူ့လွှတ်တော် မှ ပုဒ်မ ၃၆ ဖြင့် ပြင်ဆင်ခြင်းကြောင့် ပုဒ်မ ၃၅ နောက်ရှိပုဒ်မများအားလုံးကို အမှတ်စဉ်ပြောင်းရသည်မှာ ဥပဒေပြင်ဆင်သည့် ရေးထုံးနှင့်မညီခြင်းကိုလည်း တွေ့ရှိရပါသည်။

သို့ပါ၍ အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့် ပုဒ် ၃၅ ကို စွဲမြဲအတည်ပြုပေးပါရန် လေးစားစွာ ဆွေးနွေးတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၂)ဦးရဲ့ ဆွေးနွေးချက်များနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၄)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တို ဘာလ ၁၃ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်တဲ့အတွက်၊ ဒီကြားထဲမှာ လွှတ်တော် အစည်းအဝေးမရှိသော်လည်း ကော်မတီအလိုက် အစည်းအဝေးများ၊ ခရီးစဉ်များ ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက် နေ့ကို ၁၄း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]